# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 7 February 2023 ၁၁၀၀၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထု ဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား**

ယနေ့ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ကျရောက်သော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက် တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော်ရှိကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက်အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ခနွဲ၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူစသည့် တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားစဉ်။

## မြန်မာနိုင်ငံ၏ ပထမဦးဆုံး နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပ

### စင်တာတွင် ကျောင်းသားလူငယ်များသာမက တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အဆိုပါစင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂

ကြေးမုံ

# နိုင်ငံ့သားကောင်း လူချွန်လူမွန်များ ပျိုးထောင်

ကာယစွမ်းရည်၊ ဉာဏစွမ်းရည် သူတကာထက် ထူးကဲသာလွန်သူကို လူရည်ချွန်ဟု ခေါ်ဆိုသည်။ တစ်နည်းဆိုလျှင် ဗလငါးတန်ထူးချွန်သူ တစ်နည်းအားဖြင့် ဘက်စုံထူးချွန်သူကို လူရည်ချွန်ဟုဆိုကြလေသည်။ ငယ်စဉ်ကာလ ပညာရှာမှီးနေစဉ် သူတကာတို့ထက် သာလွန်စွမ်းနိုင်သူတို့အား ရွေးချယ်ဖော်ထုတ်၍ လူရည်ချွန်အဖြစ်သတ်မှတ်ကြသည်။ လူရည်ချွန်သည် လူ့ဘောင်လောက ကြီးပွားတိုးတက်ရေးတွင် စွမ်းဆောင်နိုင်မည့်အစွမ်းအစရှိသူ လူ့အရင်းအမြစ်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ကြီးပွားတိုးတက်ရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံကြပြီး ပညာကိုအခြေခံ၍ ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များမွေးထုတ်ပေးပြီး တိုးတက်ကြီးပွားရေးကို ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံတွင် ပညာတတ်များ၊ လူသားအရင်းအမြစ်များ ပေါ်များလာရေးအတွက် ပညာရေးကို ပြုပြင်ပြောင်းလဲအားပေးမြှင့်တင်လျက်ရှိသည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနှင့် ကောဒသမတန်းအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းအား ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

ပညာတတ်အရင်းအမြစ်များ မွေးထုတ်ပေးရာတွင် လူရည်ချွန်သည် မှတ်ကျောက်တင်ခံထားရသည့် ဘက်စုံထူးချွန်သူမျိုးဆက်သစ်များဖြစ်သည်။ အခြေခံပညာလူရည်ချွန်များ နှစ်စဉ်ရွေးထုတ်လေ့ရှိရာ အကြောင်းအမျိုးမျိုးဖြင့် မရွေးချယ်နိုင်သော ကာလများရှိခဲ့သည်။ လူရည်ချွန်များကို ရွေးချယ်ဖော်ထုတ်ပေးခြင်းဖြင့် လူငယ်အချင်းချင်း အတုယူအားကျစိတ်ဖြစ်ခြင်း၊ ထူးချွန်ထက်မြက်လာသည့် အစွမ်းအစများဖြင့် ပတ်ဝန်းကျင်အကျိုး၊ နိုင်ငံ့အကျိုးကို ထူးကဲစွာစွမ်းဆောင်နိုင်ခြင်း အကျိုးကျေးဇူးများရသည်။ ယခုကာလကဲ့သို့ အဘက်ဘက်တွင် စိန်ခေါ်မှုများရှိနေချိန်၌ ထူးချွန်ထက်မြက်သည့် အခြေခံပညာအဆင့် လူရည်ချွန်များပေါ်ထွက်လာသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် “ဘက်စုံပညာ ထူးချွန်လူငယ်” စီမံကိန်းအဖြစ် ပြန်လည်ဖော်ထုတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်စီမံကိန်း” အဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လူရည်ချွန်မောင်မယ်များကို ရွေးချယ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ယခုပညာသင်နှစ်တွင် ကူးစက်ရောဂါထိန်းချုပ်နိုင်မှုအရ လူရည်ချွန်စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ပြီး လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်ပေးခဲ့သည်။

ယခုပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လာနိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက် (၃) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လူငယ်လူရွယ်များ ဘဝတစ်လျှောက်၌ လူတော်စေရန်သာမက လူကောင်းဖြစ်လာစေရန် တစ်နည်းအားဖြင့် လူချွန်လူမွန်များဖြစ်လာစေရန် အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံအတွက်အားထားရမည့် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာနိုင်ပေသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် လူရည်ချွန်တစ်ယောက်ဖြစ်လာရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိထားရန်လိုအပ်ပေသည်။ ကျောင်းအဆင့်ရွေးချယ်ထားသော လူရည်ချွန်များကို နှစ်ကုန်ကာလတွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေတို့အပြင် ကာယကြံ့ခိုင်ရေးနှင့် ယုံကြည်မှုတို့ကို မြို့နယ်အဆင့် စစ်ဆေးသည်။ စစ်ဆေးရာတွင် မြန်မာစာရမှတ် (၁၀၀)၊ အင်္ဂလိပ်စာရမှတ် (၁၀၀)၊ ပြင်ပဗဟုသုတနှင့် သချ်ာပေါင်း၍ အထွေထွေဗဟုသုတရမှတ် (၁၀၀)ဖိုး ဖြေဆိုရသည်။ လူတွေ့နှုတ်ဖြေတွင် ဘဝတွက်တာ ကျွမ်းကျင်စရာ၊ စာရိတ္တ၊ လောကနီတိ၊ မြန်မာ့ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့တို့နှင့်ပတ်သက်၍ အကဲဖြတ်မေးမြန်းပြီး ကာယကြံ့ခိုင်မှုကိုပါ စစ်ဆေးသည်။ အဋ္ဌမတန်း၊ ဒသမတန်းနှင့် ကောဒသမတန်းအလိုက် တစ်မြို့နယ်လျှင် နှစ်ဦးနှုန်းဖြင့် ခရိုင်အဆင့် ဆက်လက်ရွေးချယ်သည်။

လူရည်ချွန်မောင်မယ်များကို စနစ်တကျရွေးချယ်ဆောင်ရွက်ပေးနိုင်ခြင်းသည် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံအတွက်အားထားရမည့် နိုင်ငံ့သားကောင်းလူချွန်လူမွန်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။ ။




## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက် ချမှတ်၊ တရားမအထူးအယူခံမှု နှစ်မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၁၁/၂၀၂၂ (မန္တလေး)နှင့် တရားမအထူးအယူခံမှု အမှတ် ၉/၂၀၂၂ (မန္တလေး)၊ ၁၀/၂၀၂၂ (မန္တလေး)၊ ၁၁/၂၀၂၂ (မန္တလေး)၊ ၁၂/၂၀၂၂ (မန္တလေး)၊ ၁၃/၂၀၂၂ (မန္တလေး)၊ ၁၄/၂၀၂၂ (မန္တလေး) နှင့် ၁၅/၂၀၂၂(မန္တလေး) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၂၂/၂၀၂၂ (ပဲခူး) နှင့် ၂၄/ ၂၀၂၂ (မန္တလေး) စုစုပေါင်းတရားမအထူးအယူခံမှု နှစ်မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

(၆- ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၄၃၂ | ၃,၆၈၇,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၅၉၈ | ၁,၉၇၃,၆၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂,၂၀၀ | ၂,၂၅၀ | ၅,၅၈၉ | ၁၂,၄၉၈,၄၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၃၄ | ၁,၁၄၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ = | ၂၁၀၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို = | ၂၂၆၁.၃ |
| (ဂ) | တရုတ် | တစ်ယွမ် = | ၃၀၉.၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် = | ၆၂.၃၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် = | ၄၉၃.၁၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး = | ၂၅.၃၇၇ |
| (ဆ) | ဩစတြေးလျ | တစ်ဒေါ်လာ = | ၁၄၄၈.၃ |
| (ဇ) | စင်ကာပူ | တစ်ဒေါ်လာ = | ၁၅၈၄.၅ |
| (ဈ) | ဂျပန် | တစ်ရာယန်း = | ၁၅၈၉.၀ |
| (ည) | တောင်ကိုရီးယား | တစ်ရာဝမ် = | ၁၆၆.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေး အတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်းဖြစ်**

**☆ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်၊ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ အတူတကွ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်**

☆ ရှေ့ဖုံးမှ

စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိသော တောတောင်ရေမြေ သဘာဝအလှအပများနှင့် ပြည့်စုံသည့်ပြည်နယ်ဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက် သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိရာ ရေခံမြေခံကောင်းများရှိပြီး အရှေ့ဘက်ခြမ်း ပြည်ပနိုင်ငံများနှင့် ထိစပ်လျက်ရှိသောကြောင့် နိုင်ငံအတွက် အရေးပါပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းကပင် သမိုင်းအထောက်အထား အခိုင်အမာဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို အစွမ်းကုန်တွန်းလှန်ခဲ့ကြသကဲ့သို့ ကိုလိုနီလက်အောက် ကျရောက်စဉ် ကာလတစ်လျှောက်လုံးတွင်လည်း လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ရရာလက်နက်ဆွဲကိုင် တွန်းလှန်ခဲ့ကြပါသည်။ ထိုသို့ နယ်ချဲ့တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လည်းကောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် တော်လှန်ရေးကာလတို့တွင် လည်းကောင်း တစ်နိုင်ငံလုံးရှိ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများနှင့်အတူ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ လူထုခေါင်းဆောင်များနှင့်တိုင်းရင်းသားအားလုံးက ပါဝင်ခဲ့သည်မှာလည်း ပြည်နယ်၏ ကောင်းမြတ်သည့် အစဉ်အလာနှင့် ဂုဏ်ယူဖွယ်ရာ သမိုင်းများပင်ဖြစ်ပါသည်။

စစ်မှန်သောလွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲ နေကြမည်ဟူသော သန္နိဋ္ဌာန်မှာ တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းအထန်အခိုင်အမာဆုံးသော သန္နိဋ္ဌာန်ကြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြရာတွင် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တလုံးတစည်းတည်း စုပေါင်း၍ အင်တိုက်အားတိုက် လုံးပန်းခဲ့ကြပါသည်။

**☆ တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံး ညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှု ပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်**

**☆ လွန်ခဲ့သော (၇၆)နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင် လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည်**

မြန်မာပြည်မ၌ "ဖဆပလ"အဖွဲ့ချုပ်ကြီး ဦးဆောင်၍ လွတ်လပ်ရေးတိုက်ပွဲအတွက် အပြင်းအထန် ရုန်းကန်ကြိုးပမ်း တိုက်ပွဲဝင်နေချိန်တွင် ရှမ်းပြည်နယ်ရှိ မျိုးချစ်လူကြီး၊ လူငယ်များကလည်း စုပေါင်း၍ နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လန်ဒန်သို့ သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးတောင်းဆိုခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရှမ်းပြည်စဝ်ဖများကောင်စီ အမှုဆောင်အဖွဲ့ဝင် စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များ ပါဝင်သည့်ပဏာမဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းနှင့် ကချင် ကိုယ်စားလှယ်များ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များတွေ့ဆုံပြီး ဆပ်ကော်မတီဖွဲ့စည်းကာ ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင် ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋိညာဉ်များကို ချမှတ်နိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်အခါသမယပင် ဖြစ်ပါသည်။

နယ်ချဲ့တို့သည် ၎င်းတို့၏ ရေရှည်အကျိုးစီးပွားအတွက် မြန်မာနိုင်ငံကို ပြည်မနှင့် တောင်တန်းဒေသများခွဲခြား၍ ဥပဒေဖြင့်ကန့်သတ်ပြီး သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့တိုင်းရင်းသားများအကြား လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် လွတ်လပ်ရေးရပြီး လပိုင်းအတွင်းမှာပင် လက်နက်ကိုင်သောင်းကျန်းမှုများဖြင့် တိုက်ပွဲများဖြစ်ကာ ယခုအချိန်ထိ တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးဖြစ်သော်လည်း လွတ်လပ်ရေးအရသာကို မိမိတို့တိုင်းရင်းသားအားလုံး ပြည့်ပြည့်ဝဝ မခံစားနိုင်ကြဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အလှမ်းဝေးနေဆဲဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။ ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ အတူတကွ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများ ကျင်းပလာနိုင်သဖြင့် ငြိမ်းချမ်းရေး နှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိနိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်ဒေသအများစုမှာ ဆူပူအကြမ်းဖက်မှုနှင့် တိုက်ပွဲများ ကင်းဝေးပြီး အေးချမ်းသာယာမှုရှိနေသည်မှာ အားရဝမ်းသာစရာဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသအချို့ပါ တည်ငြိမ်အေးချမ်းလာပါက ပြည်နယ်တစ်ခုလုံး သာယာအေးချမ်းပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့သည် လက်ရှိပကတိ လိုအပ်ချက်များဖြစ်သဖြင့် လက်နက်ကိုင် ပဋိပက္ခများ ထာဝရချုပ်ငြိမ်းရေးအတွက် အလေးထား ကြိုးစားဆောင်ရွက်နေပါသည်။ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါရှိသည့် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထာဝရငြိမ်းချမ်းရေးကို မျှော်လင့်ချက်ကြီးစွာဖြင့် ယခုနှစ်ကုန်ထိ ငါးနှစ်တိုင်ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးအတွက် အဖြေမဟုတ်သော စစ်ပွဲ၊ တိုက်ပွဲများကို ရှောင်ရှားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်၌ အစဉ်တစိုက် အဖြေရှာနိုင်ရေး တံခါးဖွင့်ပေးထားခြင်းဖြစ်ပါသည်။ မိမိတို့၏ ဆန္ဒ၊ မိမိဒေသ၊ မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားဘက်ကသာရပ်တည်ပြီး စိတ်စေတနာကောင်းဖြင့် သဘောထားကြီးမှုကို ပြသကြရမည့် ငြိမ်းချမ်းရေးအတွက် အချိန်အခါကောင်းဖြစ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင်တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လွန်ခဲ့သော (၇၆)နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူပူးပေါင်း လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဧယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

### ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဲ့သို့သော လုပ်ငန်း အပါအဝင် ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ် များတွင် အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နျူကလီးယားစွမ်းအင်နည်းပညာ ကို ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန် အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” Rusatom International Network ၏ President Mr. Vadim Titov နှင့် Rusatom Energy Projects ၏ Director General Mr. Andrey Rozhdestvin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းဟန်သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ Russian State Atomic Energy Corporation “ROSATOM” Rusatom International Network ၏ President Mr. Vadim Titov နှင့် Rusatom Energy Projects ၏ Director General Mr. Andrey Rozhdestvin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ ညနေ ၄ နာရီတွင် အလုံမြို့နယ်ရှိ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းစဉ်အတွက် ဆောင်ရွက်ထားမှု၊ အပူ စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းတည် ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ စီမံကိန်းတည်ဆောက်ရေးဆိုင်ရာကိစ္စ၊ ချေးငွေ ရယူရေးဆိုင်ရာကိစ္စ၊ ရှေ့ဆက်လက် လုပ်ငန်းစဉ်များ ကိုလည်းကောင်း၊ ROSATOM နှင့် ပြည်တွင်း ကုမ္ပဏီ များနှင့် MoU ရေးထိုးထားရှိမှု၊ လေအားလျှပ်စစ် စီမံကိန်းများအား တည်ဆောက်ရန် ကြာမြင့်ချိန်ကာလ၊ အလားအလာ၊ နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များ နှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network ၏ President Mr. Vadim Titov၊ Rusatom Energy Projects ၏ Director General Mr. Andrey Rozhdestvin နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။

❂ မြန်မာနိုင်ငံမှ
ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့သည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာကြစဉ်။

နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း လှည့်လည်ပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကဏ္ဍ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အခြားသောကဏ္ဍပေါင်းစုံတို့တွင် အကျိုးရှိစွာ အသုံးချနိုင်မည့် အသိပညာပေးထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာကြည့်ရှုရာ ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ပြကွက်အလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

**ဖွင့်ပွဲအခမ်းအနားပြုလုပ်**

ဆက်လက်ပြီး နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဂုဏ်ပြုသီချင်းဖြစ်သည့် **“ဂုဏ်ယူစရာ သိပ္ပံနှင့် နည်းပညာ”** MTV ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲ အထိမ်းအမှတ် အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကူညီထောက်ပံ့ပေးမှုများအတွက် ROSATOM အဖွဲ့အစည်းကို မြန်မာနိုင်ငံကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် နျူကလီးယား နည်းပညာဆိုင်ရာ အသိပညာများ ပြန့်ပွားနိုင်ရေးအတွက် **စာမျက်နှာ ၆ သို့** »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေ့မှောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

**❍ ယခု နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်လှစ်ပြီးပါက ပြည်သူလူထုမှ နျူကလီးယားစွမ်းအင်နှင့် ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန်အတွက် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ စင်တာတွင် ကျောင်းသားလူငယ်များသာမက တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည်**

»»» **စာမျက်နှာ ၅ မှ**

အဓိကကျသည့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်လှစ်နိုင်သည်အထိ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM တို့အကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်း ဆောင်ရွက်မှုအပေါ် နားလည်မှု စာချွန်လွှာကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း“ROSATOM”မှ CEO တို့က St. Petersburg မြို့၌ ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့မှုမှ အစပြုခဲ့ခြင်းဖြစ်ပါကြောင်း။

### လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်

မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ROSATOM တို့အကြား နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးနှင့် နျူကလီးယား စွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များ ရရှိလာစေရေးအတွက် နားလည်မှု စာချွန်လွှာ နှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုနျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာ ဖွင့်လှစ်ပြီးပါက ပြည်သူလူထုမှ နျူကလီးယား စွမ်းအင်နှင့် ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန် အတွက် နျူကလီးယား နည်းပညာဆိုင်ရာ အသိပညာပြန့်ပွားရေး လုပ်ငန်းများကို အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ စင်တာတွင် ကျောင်းသားလူငယ်များသာမက တက္ကသိုလ် ကျောင်းသား ကျောင်းသူများပါ နျူကလီးယား စွမ်းအင်ဆိုင်ရာ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး **လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာဖြစ်**စေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့မြန်မာနိုင်ငံတော်အတွင်းရှိ မိဘပြည်သူများအနေဖြင့်လည်း ခေတ်မီ နျူကလီးယား နည်းပညာများကို လေ့လာရန် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး ပြည်သူလူထု၏ နျူကလီးယားစွမ်းအင်အပေါ် အပြုသဘော ဆောင်သည့် သဘောထားအမြင်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ နျူကလီးယားစွမ်းအင်နယ်ပယ်ကို ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာ ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### လာရောက်လေ့လာ

ပြီးခဲ့သည့်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University MEPHI တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အဓိက နည်းပညာတက္ကသိုလ်များကို လာရောက်လေ့လာပြီး MEPHI တက္ကသိုလ်၌ သင်ကြားနိုင်သည့် ဘာသာရပ်များ၊ ပညာသင်လျှောက်ထားနိုင်မှုများ၊ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြင့် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာတွင် တစ်တပ်တစ်အား ဖြစ်စေပါကြောင်း။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဗလာဒီဗော့စတော့မြို့တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum–EEF) ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ROSATOM တို့အကြား ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် နျူကလီးယား စွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယနေ့တွင်လည်း နျူကလီးယားနည်းပညာ အသုံးချနယ်ပယ် ၁၄ ခုတွင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ခုကိုလည်း လက်မှတ်ရေးထိုးတော့မည် ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာကြစဉ်။

နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာများကိုကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက်နိုင်ငံ၏နျူကလီးယားအခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေးနှင့် ပတ်သက်၍ နှစ်ဖက်ကျွမ်းကျင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့်

**စာမျက်နှာ ၇ သို့** »»»








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ “ခိုင်ပန်းစုံ နှစ်ပါးသွား” အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ထံ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။

»»» **စာမျက်နှာ ၆ မှ**

နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆန်းစစ်လေ့လာပြီး အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ မှတ်တိုင်ပါ အချက်(၁၉)ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဆင့်မြင့် အရာရှိကြီးများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို မကြာသေးမီက ပြုလုပ်ခဲ့ကြကြောင်း။

မြန်မာ့နျူကလီးယား အစီအစဉ်ကို ပံ့ပိုးပေးသည့် ROSATOM အဖွဲ့အစည်းသည် ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ပနိုင်ငံများတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ လုံလောက်သည့် အတွေ့အကြုံ ကောင်းများ၊ ကျွမ်းကျင်မှုများရှိသည့် အဖွဲ့အစည်းဖြစ်သည့် အတွက် ROSATOM ၏ အကူအညီဖြင့် ယခုစင်တာထူထောင်နိုင်သည်ကို မိမိအနေဖြင့် များစွာနှစ်ထောင်းအားရဖြစ်မိကြောင်း၊ ထို့ပြင် ROSATOM ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံတွင် Small Modular Reactor (SMR) တည်ဆောက် လည်ပတ်ရေးနှင့် ပတ်သက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ပြီး နျူကလီးယားစွမ်းအင်ကို လုံခြုံစိတ်ချစွာဖြင့် ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်မည် ဖြစ်ကြောင်း။

ROSATOM နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ROSATOM က တာဝန်ရှိသူများကို မိမိအနေဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

### စတင်ဖွင့်လှစ်နိုင်ခဲ့

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် ၇၅ နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်သည့် ရုရှား- မြန်မာ ဆက်ဆံရေး သမိုင်းကြောင်း၌ ယနေ့သည် အခန်းကဏ္ဍအသစ် တစ်ခုကို စတင် ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခု စင်တာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နျူကလီးယားနည်းပညာ နယ်ပယ်တွင် အောင်မြင်မှုများကို သာမက သိပ္ပံပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ကိုလည်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှု၊ စက်ရုံတည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် ဒေသခံနယ်မြေ၏ လူနေမှုပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်စေနိုင်မှု တို့ကို နားလည်စေနိုင်မည် ဖြစ်ကြောင်း။

ယခုစင်တာမှ ရရှိမည့် အသိပညာများသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမှုနှင့် ပတ်သက်သည့် နည်းပညာများကိုရရှိစေရန် အထောက်အကူဖြစ်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ ယင်းအသိပညာများကို အခြေခံပြီး မြန်မာနိုင်ငံတွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေး ဆက်လက် ဆောင်ရွက်မှုများတွင်

**စာမျက်နှာ ၈ သို့** »»»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၇ မှ**

ကောင်းမွန်ပြီး အပြုသဘော ဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း၊ နျူကလီးယားနည်းပညာ အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတို့တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး သဘာဝသိပ္ပံ၊ ပညာရေးနှင့် နည်းပညာသင်ကြားရေးတို့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အားကောင်းသည့် တွန်းအားတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းကိုရည်ညွှန်းလိုပါကြောင်း။ ရုရှား-မြန်မာ နျူကလီးယား ဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက်ပေးခဲ့သည့် အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကိစ္စရပ်များတွင် အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များ လိုအပ်မည်ဖြစ်ပြီး ပညာရှင်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိတို့အနေဖြင့် သဘောတူညီမှုရရှိထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရလဒ်နှင့် အရည်အသွေးကို စိတ်ကျေနပ်မှုရရှိစေရေး အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations မှ ပေးပို့သည့် Small Modular Reactor ဗီဒီယိုဖိုင်ကို မြန်မာစာတန်းထိုးဖြင့်ပြသပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ပြသသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့ထံသို့ ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရေရှည်ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev တို့ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corpo–rations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ၏ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရေရှည်ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှု စာချွန်လွှာ နှစ်စောင်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် နျူကလီးယား နည်းပညာ သတင်းအချက် အလက်စင်တာကို ကနဦး အနေဖြင့် အကောင်အထည်ဖော် တည်ဆောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နျူကလီးယားနည်းပညာ သတင်း အချက်အလက်စင်တာ တည်ဆောက်ခြင်း အားဖြင့် နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ ပညာရေး၊ ကျန်းမာရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ဆိုင်ရာနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံတွင် ကောင်းမွန်စွာ အသုံးချနိုင်သည့် အသိအမြင်များကို ပြည်သူများ၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ တည်ဆောက်ခြင်းအားဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ ပညာရေး၊ ကျန်းမာရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေး၊ စွမ်းအင်ဆိုင်ရာနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံတွင် ကောင်းမွန်စွာ အသုံးချနိုင်သည့် အသိအမြင်များကို ပြည်သူများ၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် လေ့လာသိရှိနိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား အကြံပြုဆွေးနွေးပြောကြားစဉ်။

# ငါးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းမွေးမြူနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက် မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်အတွက် ပြည်ပဝင်ငွေများ တိုးတက်လာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် ငါးမွေးမြူရေး အခြေခံစက်မှုစီးပွားရေးလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီးပွားရေး ဦးတည်ချက်များနှင့်အညီ ရည်မှန်းချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုစီးပွားရေးလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငါးသားဖောက်ခြင်း Smart Hatchery & Nursery ကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိမှု၊ ငါးသားပေါက်များအား ပြုစုမွေးမြူခြင်း Smart Grow Out Farm စမ်းသပ်ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်ဆောင်ရွက်ခြင်း၏ ရလဒ်များ၊ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းများ၊ နိုင်ငံတကာ စံညွှန်းများနှင့်အညီ ငါးအစာ Feed Factory တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ Seafood Processing & Cold Storage Plant ဆောင်ရွက်လျက်ရှိမှု၊ စက်ပစ္စည်း ကိရိယာများ စတင် တပ်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးခန်းများ၊ လမ်းတံတားများ ထည့်သွင်း ဆောင်ရွက်ထားရှိမှု၊ စပါးခွံသုံး Biomass Power Plant ထည့်သွင်း တည်ဆောက်ထားရှိသဖြင့် ကိုယ်ပိုင်လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်သည့်အပြင် မြေဩဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ထုတ်လုပ်နိုင်မှု၊ ငါးထုတ်ကုန်များကို အလေအလွင့်လုံးဝမရှိသည်အထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်တက်လာစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိမှု၊ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကာလကို တိုးမြှင့်ပေးစေလိုမှုနှင့် နိုင်ငံတော်မှလည်း လိုအပ်သည်များကို အားပေးကူညီ ဆောင်ရွက်ပေးစေလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးမွေးမြူရေး ဆောင်ရွက်မှု၊ ထွက်ရှိမှု၊ ဈေးကွက်ရရှိမှု၊ ဝန်ထမ်းများ အလုပ်လုပ်ကိုင်မှုနှင့် ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မှုတို့နှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး အကြံပြုဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးမြှင့်တင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအသားထွက်ရှိသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ ရှိမည်ဖြစ်ပြီး

စာမျက်နှာ ၁၀ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။

- **နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်**
- **မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအသားထွက်ရှိသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ ရှိမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာမွေးမြူရေးနည်းလမ်းများထက် စနစ်ကျနပြီး ကောင်းမွန်သည့် ခေတ်မီမွေးမြူရေး နည်းလမ်းများကို ဆောင်ရွက်ရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Smart Hatchery & Nursery ငါးသားဖောက်စခန်းတွင် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုစဉ်။

- မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိ
- နိုင်ငံအတွင်းရှိ လူတန်းစားအားလုံး ဝယ်ယူစားသောက်နိုင်သည့် အသား၊ ငါးများ ဈေးနှုန်းသက်သက်သာသာနှင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန်လို
- ငါးများကို စနစ်တကျမွေးမြူခြင်းသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် အကျိုးရှိသည့် လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စနစ်ကျနသည့် ငါးမွေးမြူရေးစနစ်ကို ဖော်ဆောင်ရန်လို၊ သို့မှသာလျှင် လူတန်းစားအားလုံး ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်

❍ စာမျက်နှာ ၉ မှ
မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာ မွေးမြူရေးနည်းလမ်းများထက် စနစ်ကျနပြီး ကောင်းမွန်သည့် ခေတ်မီမွေးမြူရေး နည်းလမ်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် ခြံစနစ် လှောင်အိမ်စနစ်ဖြင့် မွေးခြင်း၊ လှန်၍မွေးခြင်း၊ လွှတ်ကျောင်း၍ မွေးခြင်းဟူ၍ရှိပြီး လှောင်၍ မွေးမြူခြင်းသည် စနစ်အကျဆုံးနှင့် အကောင်းဆုံးဖြစ်ကြောင်း။

**စားရေရိက္ခာဖူလုံရေး**

မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ လူတန်းစားအားလုံး ဝယ်ယူစားသောက်နိုင်သည့် အသား၊ ငါးများ ဈေးနှုန်းသက်သက်သာသာနှင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ငါးများကို စနစ်တကျမွေးမြူခြင်းသည်နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအတွက် အကျိုးရှိသည့်လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စနစ်ကျနသည့် ငါးမွေးမြူရေးစနစ်ကို ဖော်ဆောင်ရန်လိုကြောင်း၊ သို့မှသာလျှင် လူတန်းစားအားလုံး ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း။

လူတိုင်းသည်ဘဝတိုးတက်ရေးအတွက် အလိုရှိကြပြီး အလုပ်အကိုင်များ ခန့်ထားရာတွင် ၎င်းတို့၏အလုပ်အကိုင်မှ အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ လုပ်ငန်းများအလိုက် ကျွမ်းကျင်မှုရှိစေရေးအတွက်လည်း စီမံခန့်ခွဲဆောင်ရွက်ပေးရန်နှင့် လူ့သဘောသဘာဝကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပါက အကျိုးပိုမိုဖြစ်ထွန်းမည်ကို အကြံပြုလိုကြောင်း။

နိုင်ငံတော်၏ စီးပွားမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ပမှအကူအညီများကို ရယူမှု အနည်းဆုံးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ အတတ်နိုင်ဆုံး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျှင် ကောင်းမွန်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကူညီအားပေးရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် အာမခံထားပြီး ပူးပေါင်းစွမ်းအားဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ် လိုအပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အတန်းပညာမြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ အဆင့်မြင့် ပညာရပ်များကိုလည်း တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြား ပေးလျက်ရှိကြောင်း၊ လာမည့်ပညာရေးနှစ်တွင်လည်း နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု နည်းပညာသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် တစ်နိုင်ငံလုံး ဖွင့်လှစ်နိုင်အောင် ဆက်လက်ဆောင်ရွက်ပြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လုပ်ငန်းကျွမ်းကျင်သူများ ပေါ်ပေါက်လာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး KG+9 အထိ အခမဲ့ပညာသင်ယူနိုင်ရေးကြိုးပမ်း ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတစ်ဝန်း ပညာတတ်များပေါ်ကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်ကောင်းများ တိုးပွားလာမည်ဖြစ်ကြောင်း၊ အတန်းပညာများ တတ်မြောက်စေရေးပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Global Earth Agro & Aqua Industry Public Co., Ltd ၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုစဉ်။

ယခုစီမံကိန်းတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးထားနိုင်သည်ကို တွေ့ရှိရသည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်လည်း ယခုကဲ့သို့သော စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ **စာမျက်နှာ ၁၁ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုစဉ်။

❍ စာမျက်နှာ ၁၀ မှ

လိုအပ်သည့် အကူအညီများကို နိုင်ငံတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း မွေးမြူနိုင်ရေး အတွက်လည်း သုတေသနပြု ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်အတွက် ပြည်ပဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပို့ကုန်များကိုတင်ပို့ရာတွင် ကုန်ကြမ်းပစ္စည်းများကို တင်ပို့ခြင်းထက် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့နိုင်ပါက ပိုမို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် အရင်းအနှီး၊ လူသားအရင်းအမြစ်နှင့် နည်းပညာများ လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်၍ ရှိပြီးဖြစ်သည့် အခြေခံအရင်းအမြစ်များကို အသုံးချဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံသည် များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် နိုင်ငံတော်မှလည်း တတ်နိုင်သည့်ဘက်မှ ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ညွှန်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုံကော်ပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့က အမှတ်တရ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မျိုးရင်း ငါးသားပေါက်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Smart Hatchery & Nursery ငါးသားဖောက်စခန်းသို့ ရောက်ရှိပြီး လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။ အဆိုပါ ငါးမျိုးဥများသည် ၂၄ နာရီအတွင်း ငါးသားပေါက်များအဖြစ်သို့ ရောက်ရှိမည်ဖြစ်ကာ သက်တမ်းအလိုက် လှောင်ကန်အဆင့်ဆင့်သို့ လုပ်ငန်းစဉ်အလိုက် ဆက်လက် မွေးမြူသွားမည်ဖြစ်သည်။

### လေ့လာကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Biomass Power Plant စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်မှုနှင့် လျှပ်စစ်ဓာတ်အားကို အဆင့်မီ လျင်မြန်စွာနိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ထုတ်လုပ်နိုင်မှု၊ ငါးအစာတောင့် စက်ရုံတည်ဆောက်နေမှု၊ Circular Tank များဖြင့် အဆင့်မြင့်ငါးအသားတိုးမွေးမြူထားရှိမှု၊ မြေသားကန်ဖြင့် အဆင့်မီငါးအသားတိုး မွေးမြူထားရှိမှု၊ ခေတ်မီနည်းပညာအသုံးပြု၍ အစာကျွေးမွေးမှုနှင့် ဆိုလာစနစ်သုံး၍ ရေတင်ဆောင်ရွက်နေမှု၊ ငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေထွက်ကုန်လုပ်ငန်းဌာန၊ နိုင်ငံတကာ ဈေးကွက် ရောင်းချလျက်ရှိသည့် ငါးအဆင့်မြင့် ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုနှင့် အအေးခန်းစက်ရုံ တည်ဆောက်နေမှု တို့ကို စိတ်ဝင်တစားဖြင့် ကဏ္ဍတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ရာ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌနှင့် လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### မေးမြန်းဆွေးနွေး

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့သည်။

အဆိုပါ Global Earth Agro & Aqua Industry Public Co., Ltd သည် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ်ကွင်းအတွင်း၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနည်းကျ အဆင့်မြင့် ခေတ်မီ ငါးသားဖောက်ခြင်းနှင့် မြန်မာနိုင်ငံတွင် အကြီးမားဆုံး ငါးမွေးမြူခြင်း၊ ကုန်ချောပြုပြင်ထုတ်လုပ်ခြင်း၊ ငါးပေါင်းမှုန့်နှင့် အစာတောင့် ထုတ်လုပ်ခြင်းတို့ ပါဝင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်ပြီး ယခုအခါ သိပ္ပံနည်းကျဖြင့် ငါးတန် အထီး၊ အမ (Breeders) တစ်သိန်းနှစ်သောင်းကို ပြုစုထားရှိကာ နေ့စဉ် ငါးသားပေါက် (ငါးမှုန်)ကောင်ရေ သိန်း ၄၀ ကို ထုတ်လုပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ငါးသန်/ငါးဖြန်း ကောင်ရေ သိန်း ၂၅၀ ခန့်နှင့် အသားတိုးငါးကောင်ရေ သိန်း ၂၅၀ ခန့်အား မွေးမြူထားရှိပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက မြန်မာ့ရေလုပ်ငန်းစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအတွင်းရှိ တစ်ဦးချင်းစီ၏ ဝင်ငွေများလည်း တိုးတက်လာနိုင်မည်ဖြစ်၍ ပြည်ပမှ ရေထွက်ပစ္စည်း အစားအသောက် တင်သွင်းခြင်းမှ ကုန်ကျလျက်ရှိသည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်ကာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာခြင်းကြောင့် နိုင်ငံ့စီးပွားရေး ကဏ္ဍသည်လည်း ပြောင်းလဲ တိုးတက်လာမည်ဖြစ်သည်။ အဆိုပါ သိပ္ပံနည်းကျ အဆင့်မြင့် ခေတ်မီငါးမွေးမြူ ထုတ်လုပ်ခြင်း စီမံကိန်းကြီးသည် ငါးသားပေါက် မွေးမြူသည်မှ ငါးအဆင့်မြင့် ကုန်ချောများရရှိသည်အထိ ပါဝင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်သဖြင့် လူဦးရေအမြောက်အမြားကို အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းများစွာ အကျိုးဖြစ်ပေါ်စေနိုင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာဈေးကွက်တွင် ရောင်းချလျက်ရှိသည့် ငါးအဆင့်မြင့်ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လေ့လာကြည့်ရှုစဉ်။

**လက်ရှိအချိန်တွင် ငါးသန်/ငါးဖြန်း ကောင်ရေ သိန်း ၂၅၀ ခန့်နှင့် အသားတိုး ငါးကောင်ရေ သိန်း ၂၅၀ ခန့်အား မွေးမြူထားရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက မြန်မာ့ရေလုပ်ငန်းစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအတွင်းရှိ တစ်ဦးချင်းစီ၏ ဝင်ငွေများလည်း တိုးတက်လာနိုင်မည်ဖြစ်၍ ပြည်ပမှ ရေထွက်ပစ္စည်းအစားအသောက် တင်သွင်းခြင်းမှ ကုန်ကျလျက်ရှိသည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း သက်သာစေနိုင်မည်**



Circular Tank များဖြင့် အဆင့်မြင့်ငါးအသား တိုးမွေးမြူထားရှိမှုကို တွေ့ရစဉ်။



Smart Hatchery & Nursery ငါးသားဖောက်စခန်းကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည် အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့် အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ သုံးကီလို ဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာ သွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၌ ရွှေထည် ၄၂ ကျပ်သား ၁၄ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၆၁ ကျပ်သား ၃ ပဲ ၇ ရွေး၊ ဓာတ်တော်မွေတော်၊ ပုလဲ၊ ကျောက်မျိုးစုံနှင့် ငွေထည်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၄၁ ကျပ်သား ၄ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅၂ ကျပ်သား ၃ ပဲ ၆ ရွေး၊ စိန်၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဓာတ်တော်မွေတော်၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၇၀၁၁၂၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၂၂ ကျပ်သား ၁၁ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၇ ကျပ်သား ၆ ပဲ ၂ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၁၈၀၀၁၇၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၆၉ ကျပ်သား ၉ ပဲ ၁ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၃ ကျပ်သား ၃ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ငွေထည်ပစ္စည်းများ၊ ဒင်္ဂါးပြားများ၊ အလှူငွေကျပ် ၉၆၁၃၁၄၀၀ တို့ကို ဌာပနာသွင်းလှူ ပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |



# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းများအတွက် နှစ်ဦးကာလ ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဥပဒေရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ၂၀၂၃ ခုနှစ် နှစ်ဦးကာလအတွက် ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ထောက်ပံ့ ပေးအပ်ပွဲတွင် ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက အရာထမ်း၊ အမှုထမ်းများ၏ သက်သာချောင်ချိရေး အထောက်အပံ့ ဖြစ်စေရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေစာအုပ်များ ထုတ်ဝေခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေမှ ပေးအပ်ခြင်းဖြစ်ကြောင်း၊ နှစ်သစ်တွင် ပျော်ရွှင်တက်ကြွစွာဖြင့် တာဝန်ကျေပွန်စွာ ရုံးလုပ်ငန်းများ ဆောင်ရွက် စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများထံသို့ ဆန်၊ ဆီများ ထောက်ပံ့ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများကိုယ်စားအရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

# နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာဖြန့်ဝေသည့် ဟောပြောပွဲနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) တို့ ပူးပေါင်းကျင်းပသည့် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာဖြန့်ဝေသည့် ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာပထမထပ် စုဝေးခန်းမ(၂)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) မှ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ဆေးတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)မှ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က နျူကလီးယားနည်းပညာအကြောင်း သိကောင်းစရာများအား ရှင်းလင်းပြောကြား ဆွေးနွေးသည်။

ယင်းနောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း၏ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ပြောကြားသည်။



ထို့နောက် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ဖွင့်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို အဆိုပါစင်တာ ပထမထပ်စုဝေးခန်းမ (၁) ၌ ဆက်လက်ကျင်းပရာ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က သတင်းထောက်များ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝန်ထမ်းများ နေထိုင်မှုဘဝအဆင်ပြေစေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

ဘားအံ ဖေဖော်ဝါရီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ကရင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ဝန်ထမ်းအိမ်ရာ ၁၈၂ လုံး အိမ်ခန်းပေါင်း ၆၇၄ ခန်း၊ အငှားအိမ်ရာ ၇၆ လုံး အိမ်ခန်းပေါင်း ၁၄၂ ခန်း၊ အရောင်းအိမ်ရာသုံးလုံး အိမ်ခန်းပေါင်း ၄၈ ခန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည့် လှိုင်းဘွဲ့ဝန်ထမ်းအိမ်ရာဖွင့်ပွဲမှ သိရသည်။



လှိုင်းဘွဲ့ ဝန်ထမ်းအိမ်ရာသည် အိမ်ခန်း ၁၆ ခန်းပါဝင်သော လေးခန်းတွဲ လေးထပ်အဆောက်အအုံဖြစ်ပြီး လှိုင်းဘွဲ့မြို့နယ် ကမော့ကချူး ကျေးရွာ၌ အောင်စည်တော် ကုမ္ပဏီက ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၄၆၂၃ သိန်းကျော်ဖြင့် တာဝန်ယူ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဝန်ထမ်းအိမ်ရာဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဝန်ထမ်းများသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဝန်ထမ်းများ၏ နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှိုင်းဘွဲ့ဝန်ထမ်းအိမ်ရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လှိုင်းဘွဲ့ဝန်ထမ်းအိမ်ရာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဝန်ထမ်းအိမ်ရာအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်ပေးနိုင်ခဲ့

ကရင်ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်လေးလုံးအခန်းပေါင်း ၆၄ ခန်းကို တင်ဒါခေါ်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ ဝန်ထမ်းအိမ်ရာ သုံးလုံးအခန်းပေါင်း ၃၆ ခန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် မြဝတီမြို့မှ လေးခန်းတွဲ လေးထပ်အဆောက်အအုံကို မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စစ်တွေမြို့ရှိ ဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၊ ဝန်ထမ်းအိမ်ရာ၊ သိုလှောင်ရုံတည်ဆောက်မည့်မြေနေရာနှင့် ကလေးပြုစုရေးဌာနတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး စစ်တွေမြို့တွင် အခြေပြု၍ တာဝန်ထမ်းဆောင်နေသော လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။



**လုပ်ငန်းခွင်တွင် ကျွမ်းကျင်ပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ထိခိုက်လွယ်အုပ်စုဝင်များနှင့် ဘေးဒုက္ခတစ်မျိုးမျိုးကြောင့် ထိခိုက်ခံစားနေရသူများအား နိုင်ငံတော်ကိုယ်စား ကူညီထောက်ပံ့နေရခြင်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်ပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ လတ်တလောတွင် Quick Win Project အနေဖြင့် အခြေခံပညာကျောင်းများတွင် မိမိတို့ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကလေးသူငယ်အခွင့်အရေး၊ သဘာဝဘေးနှင့်မိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသည့်အတွက် ပါဝင်ဆောင်ရွက်ကြသည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပါကြောင်း၊ ပြည်သူသို့ဝန်ဆောင်မှုပေးရာတွင် e-government စနစ်ကို အသုံးချနိုင်ပါက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့ဌာနအနေဖြင့် လူမှုရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (SMIS) ကို အကောင်အထည်ဖော်နေပြီဖြစ်ရာ ဝန်ထမ်းများအနေဖြင့် တိုးတက်လာသော နည်းပညာရပ်များကို လက်လှမ်းမီအသုံးချနိုင်ရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လွဲ့လွဲ့အေးက မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ပြည်နယ်ဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ဦးစီးမှူးရုံး လေးခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှင့် စက်ရုံစုရပ်ကွက်ရှိ ပြည်နယ်အဆင့် အိမ်ထောင်စု ၅၀၀၀ စာ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံအသစ်တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားသည်။

အလားတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အတူ စစ်တွေမြို့ ကလေးပြုစုရေးဌာနသို့ ရောက်ရှိကြပြီး ကလေးသူငယ်များကို တစ်ဦးချင်း နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်များအတွက် ပဲနို့နှင့် ပေါင်မုန့်များ ဝေငှပေးအပ်ခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ် ဘာသာစကားသင်တန်းဖွင့်ပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၆

(၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ် ဘာသာစကားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများ၊ သင်တန်းဆရာများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းရင်းသား လူမျိုးများ၏ လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက် မြင့်မားစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးထောက်ပံ့မှုရန်ပုံငွေဖြင့် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် အခြေခံစက်ချုပ်သင်တန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ကျောက်မျက်သင်တန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်သင်တန်း၊ ရခိုင်ပြည်နယ်တွင် အိမ်တွင်းမှုသင်တန်း၊ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ ရှမ်းပြည်နယ်တွင် ဝါးလက်မှုအခြေခံသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရေခဲမုန့်သင်တန်း၊ အဖျော်ယမကာသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအထောက်အပံ့ဖြင့် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာကို တည်ဆောက်လျက်ရှိရာ မကြာမီ ဆောက်လုပ် ပြီးစီးတော့မည်ဖြစ်၍ ရှမ်းပြည်နယ်အတွင်း သာမက အနီးပတ်ဝန်းကျင်ဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ အားလုံး အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်တော့မည်ကိုသတင်းကောင်းပါးလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။




ထို့နောက်ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က သင်တန်းသား သင်တန်းသူများအား သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ထမ်းများက အထွေထွေ ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ၏ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မော်လမြိုင်မြို့ အထက(၁၁) ၌ လူငယ်စကားဝိုင်း ကျင်းပ




မော်လမြိုင် ဖေဖော်ဝါရီ ၆

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက မော်လမြိုင် အထက(၁၁) ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အထက(၁၁)မှ ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အထက(၁၁)မှ အထက်တန်းပြ ဆရာမ ဒေါ်ဖြူဖြူအေးက ဦးဆောင်ဆွေးနွေးပြီး အထက(၁၁) Grade-10 ကျောင်းသား ကျောင်းသူလေးများဖြစ်ကြသော မခင်ရတနာမျိုးက **လူငယ်နှင့် ဘဝရည်မှန်းချက်ပန်းတိုင်**၊ မနှင်းဟေမာန်ဦးက **လူငယ်နှင့်ကျန်းမာရေး**၊ မောင်သျှားထက်ကျော်က **လူငယ်နှင့် အားကစား**၊ မောင်စိုးမင်းခန့်က **လူငယ်နှင့်ပညာရေး**၊ မောင်ဆက်ဝေထွန်းက **လူငယ်နှင့်ကိုယ်ကျင့်တရား** စသည့်ခေါင်းစဉ်များဖြင့် ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား ကျောင်းသူလေးများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြရာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး



**ထားဝယ် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

**ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်**

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့်နေရာများတွင် မှန်မှန်ကန်ကန် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အဂတိလိုက်စားမှုသည် ကမ္ဘာ့နိုင်ငံများအားလုံးကြုံတွေ့ရသည့် ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက်များစွာ ပိုမိုကျယ်ဝန်းပါကြောင်း၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေးလာဘ်ယူခြင်းသာမက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းသည်လည်း အဂတိလိုက်စားမှုပင်ဖြစ်သည့်အတွက် နိုင်ငံတော်၏ အကျိုးစီးပွားများ တန်ဖိုးထားမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှု ပုံသဏ္ဌာန်များကိုပါ ထိရောက်စွာ တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူကြား ပေါင်းကူးတံတားဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးစီးပွားအတွက် အရည်အသွေး ပြည့်ဝသည့် ဝန်ဆောင်မှုပေးလိုသည့် စိတ်ကောင်းစေတနာ ပြည့်ဝစွာဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုရှိမှသာ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုရရှိနိုင်မှာဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားမပြုဘဲ ဘက်လိုက်မှုကင်းစွာ ဆုံးဖြတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တနင်္သာရီတိုင်းဒေသကြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ယင်းဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း



**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဘေးကင်းလုံခြုံသော အစားအစာများကို ဒေသအလိုက် ဖူလုံစွာထုတ်လုပ်နိုင်ရေးနှင့် အာဟာရပြည့်ဝသည့် အသားငါးများကို ပြည်သူများ ပေါပေါများများစားသုံးနိုင်ကြစေရန် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကနဦး ရင်းနှီးမတည်ငွေအဖြစ် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ နည်းပညာအပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တက်ညီလက်ညီကြိုးပမ်းအားထုတ်ကြရန်တိုက်တွန်းပါကြောင်း ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးက ပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာရှိ စည်းစိမ်သျှင် အသားတိုးဝက် မွေးမြူရေးခြံသို့ရောက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများအားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုဆွေးနွေးမှာကြားပြီး CP အသားတိုးဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာအနီး တည်ဆောက်ပြီးစီးသည့် ဆင်သေ ချောင်း ယာယီရေထိန်းဆည်မှ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေစတင်ပေးဝေနေမှု၊ ရွာဆေးဖို ကျေးရွာအနီး တည်ဆောက်ထားသည့် လျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေမှုနှင့် ရေမြောင်းကန်တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေချိုသယံဇာတများ လေလွင့်ဆုံးရှုံးမှုလျော့ချရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေး၊ ရေအသုံးချသူများအဖွဲ့ (WUG) များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ကျီးအင်းအုပ်စု ကျီးဖြူရိုးရွာရှိ ပုဂ္ဂလိက အသားတိုးဝက်နှင့် အသားတိုးကြက်မွေးမြူရေးခြံတွင် မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တိုးချဲ့လုပ်ကိုင်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရရှိရေးနှင့် လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်ရှိ ဆက်စပ်လုပ်ငန်းများ ဝင်ငွေတိုးတက်ရရှိရေးအတွက် ကျရာ အခန်းကဏ္ဍများက ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းနှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**လှည်းကူး ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)နှင့် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/ ၂၀၂၃)ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန ကျောင်းအုပ်ကြီး ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၏လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်ပိုမိုတိုးတက်လာ စေရန်အတွက် နှစ်စဉ်ယခုလိုသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းပို့ချမည့်ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၉၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**အေးမြသက်ထား**

တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၌ကျင်းပမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြစဉ်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုကို သွားရောက်လေ့လာကြည်ညိုကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးကို အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များကို ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း ၊ ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် ဆင်းတုတော်အပိုင်း(၁)၊(၂)၊(၃)နှင့်(၄)တို့အား ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းစဉ်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးပူဇော်ထားသည့် ကျောက်စာရုံစေတီများကို လေ့လာကြည့်ရှုကြည်ညိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် Junction Center ၊ ကျောက်မျက်ရတနာပြတိုက်၊ လွှတ်တော်အဆောက်အအုံ၊ နေပြည်တော်ဗုဒ္ဓဂါယာ၊ ဥပ္ပါတသန္တိစေတီတော်နှင့် နေပြည်တော်ရေပန်းဥယျာဉ်တို့ကို ဆက်လက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့(၁)တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အုပ်ချုပ်သူဆရာဆရာမများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင် ၁၃၇ ဦးနှင့် အဖွဲ့(၂)တွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၁၄၅ ဦး ပါဝင်ကြောင်းသိရပြီး လေ့လာရေးခရီးစဉ် ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် နေပြည်တော်မြို့မဈေးတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – အောင်ရဲသွင်၊ ဂျိုင်းလော**
**ဓာတ်ပုံ – ကိုကိုထိန်၊ ကိုကိုအေး**

# ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမတွေ အတူတကွလေ့လာရေးခရီးသွားရတဲ့အတွက် ဝမ်းသာကြည်နူးမှုကိုခံစားရပါတယ်

**ခေါင်ဂျူး(ကချင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

နေပြည်တော်၌ကျင်းပမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့လာရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေပြည်တော်အတွင်း လေ့လာကြည့်ရှုခဲ့မှု ခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။



မဟိန်းထက်ထက်လှိုင်



ဒေါ်နော်ကြူကြူသန်း



စောအဲဖော့သို



ခေါင်ဂျူး



ဦးခင်မောင်လေး

**မဟိန်းထက်ထက်လှိုင်**
**(ချင်းပြည်နယ်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့အနေနဲ့ ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားရိုးရာ အကအလှတွေနဲ့ ကပြဖျော်ဖြေကြမှာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နေပြည်တော်ကို မရောက်ဖူးပါဘူး။ အခုမှ ပထမဆုံးအကြိမ်ရောက်ဖူးခြင်း ဖြစ်ပါတယ်။ အခုလို နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို တာဝန်ရှိသူတွေက လိုက်လံ ပို့ဆောင်ပေးတဲ့အတွက် ပျော်ရွှင်မိသလို ကျေးဇူးလည်းတင်ပါတယ်။ နောက်ရက်တွေမှာလည်း ဗဟုသုတရဖွယ်နေရာတွေကို လိုက်လံပို့ဆောင်ပေးမယ်လို့လည်း သိရပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်နေတာမြင်ရတော့ အံ့သြဝမ်းသာကြည်နူးမိပါတယ်။

**ဒေါ်နော်ကြူကြူသန်း**
**(အဖွဲ့ခေါင်းဆောင်၊ ကရင်ပြည်နယ်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့အဖွဲ့မှာ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်၊ ကော့ကရိတ်မြို့နယ်နဲ့ လှိုင်းဘွဲ့မြို့နယ်က ယဉ်ကျေးမှုအဖွဲ့တွေ ပါဝင်ပါတယ်။ ဒီအဖွဲ့တွေဟာ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့မှာ ပထမဆုရတဲ့ ဒုံးယိမ်းအဖွဲ့ကို ခေါ်လာခြင်းလည်း ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲမှာ ကရင်ဒုံးယိမ်းအကနဲ့ ဖျော်ဖြေတင်ဆက်ကြမှာ ဖြစ်ပါတယ်။ ကျွန်မတို့ယဉ်ကျေးမှုအဖွဲ့က ကလေးတွေကို နေပြည်တော်မှာရှိတဲ့ ဗဟုသုတရဖွယ်နေရာတွေ၊ အထင်ကရနေရာတွေကို လိုက်ပို့ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ လိုက်လံပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မတို့ ယဉ်ကျေးမှုအဖွဲ့ လည်ပတ်ခွင့်ရတဲ့အတွက် သူတို့အစား ဂုဏ်ယူမိပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြင်ရတဲ့အတွက် ကြည်နူးမိပါတယ်။

**စောအဲဖော့သို (ကရင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ကျွန်တော် နေပြည်တော်ကို အခုမှ ပထမဆုံးရောက်ဖူးခြင်း ဖြစ်ပါတယ်။ နေပြည်တော်ရဲ့ ခမ်းနားမှုက ကျွန်တော့်အတွက် အံ့သြစရာတွေနဲ့ ပြည့်နှက်နေပါတယ်။ နောက်ပြီး ပြည်ထောင်စုနေ့မှာ ပါဝင်ဖျော်ဖြေရမယ့်အပြင် အထင်ကရ နေရာတွေကို လိုက်ပို့ပေးတဲ့အတွက် အတိုင်းမသိပျော်ရွှင်မိပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် ကြည်နူးမိပါတယ်။ အရင်က တီဗွီနဲ့ သတင်းစာတွေထဲမှာသာမြင်ဖူးတဲ့ လွှတ်တော်အဆောက်အအုံကြီးကို အခုလို အပြင်မှာ မြင်လိုက်ရတာဟာ ကျွန်တော့်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အတူတကွ လေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ခေါင်ဂျူး**
**(ကချင်ပြည်နယ်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

မနှစ်ကတော့ နေပြည်တော်ကို တစ်ခေါက် ရောက်ခဲ့ဖူးပါတယ်။ ဒီနှစ် ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့အဖွဲ့အနေနဲ့ ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်လံပို့ဆောင်ပြသပေးတဲ့အတွက် စိတ်ထဲ ပျော်ရွှင်မိပါတယ်။ အတွေ့အကြုံအသစ်တွေ၊ ဗဟုသုတအသစ်တွေလည်း တိုးပွားတဲ့အတွက် အဖိုးတန်တဲ့ လေ့လာရေးတစ်ခုလည်း ဖြစ်ပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျွန်တော်တို့ သိရှိအောင် ရှင်းလင်းပြောကြားပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေနဲ့ အတူတကွ လေ့လာရေးသွားရပြီး တွေ့ဆုံရတဲ့အတွက်လည်း စိတ်ထဲနွေးထွေးမှုကို ခံစားရပါတယ်။

**ဦးခင်မောင်လေး**
**(အကနည်းပြ၊ ကယားပြည်နယ်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့)**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့အဖွဲ့ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ နေပြည်တော်က အထင်ကရနေရာတွေကို လေ့လာရေး ပို့ဆောင်ပေးတဲ့အတွက် အသိအမြင်ဗဟုသုတတွေ၊ အတွေ့အကြုံတွေလည်း ရရှိခဲ့ပါတယ်။ နေရာစုံအောင် ပို့ဆောင်ပေးတဲ့အတွက် ကျေးဇူး အထူးတင်ရှိပါတယ်။ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ အေးချမ်းသာယာပြီး အတိုင်းမသိ ဝမ်းသာကြည်နူးမှုကို ခံစားရပါတယ်။ နောက်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမတွေနဲ့ တွေ့ဆုံဖို့ဆိုတာ ခဲယဉ်းလှပါတယ်။ အခုလို နေပြည်တော်မှာ အတူတကွတွေ့ဆုံခွင့်ရတဲ့အပြင် လေ့လာရေးအနေနဲ့ပါ လည်ပတ်ခွင့်ရတဲ့အတွက် ကျွန်တော့်အတွက် တန်ဖိုးရှိတဲ့ အချိန်ကာလတစ်ခုလည်းဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း – အောင်ရဲသွင်၊ ဂျိုင်းလော**
**ဓာတ်ပုံ – ကိုကိုထိန်၊ ကိုကိုအေး**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၈၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၂-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၆၄,၄၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၁၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသ

**ဘီးလင်း ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အားကစားနှင့် ကာယပညာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပညာရေးဌာနတို့နှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြို့နယ် အနိုင်းပွန်ကျေးရွာမူလတန်းလွန်ကျောင်းနှင့် မွန်းလွဲပိုင်းတွင် သစ်တိုကျွန်းကျေးရွာ



မူလတန်းကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် အားလပ်ချိန်များတွင် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာအုပ်များ ဖတ်ရှုခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် အားကစားလုပ်ဆောင်ခြင်းဖြင့် ရရှိမည့် အကျိုး ကျေးဇူးများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးစီးမှူး ဒေါ်ဇင်ဖြူဝင်းက စားသုံးသူများ၏အခွင့်အရေးနှင့် တာဝန်များကို အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများအား ကလေးစာပေစာအုပ်များ လေ့လာဖတ်ရှုစေ၍ စာဖတ် စွမ်းရည်ပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး၊ စိတ်ကြွရူးသွပ်ဆေးများ၏အန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေရေးဆောင်ရွက်

**သပိတ်ကျင်း ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ မြို့နယ်လျှပ်စစ်ရုံးတာဝန်ရှိသူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသည့် ပြည်သူများ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဝေလင်းသန်းနှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ရှင်းလင်းခြင်း၊ မီတာများကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများကြံ့ခိုင်မှု စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ထန်းတပင်မြို့နယ်၌ နေကြာစိုက်ခင်းများနှင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**ထန်းတပင်(ရန်ကုန်) ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယနေ့ နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) နေကြာသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြ ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ ဦးစီးအရာရှိဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကန့်လန့်ကုန်းကျေးရွာ၊ ဘောလည်ကျေးရွာနှင့်အုတ်ဖိုကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)နေကြာသီးနှံ ၁၁၉ ဧက စိုက်ပျိုးထားရှိမှုအခြေ အနေများနှင့် ကန့်လန့်ကုန်းကျေးရွာ၊ ဘောလည်ကျေးရွာနှင့် အိုင်ကြီးကျေးရွာတို့တွင် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကန့်လန့်ကုန်းကျေးရွာ၊ ဘောလည်ကျေးရွာနှင့် အုတ်ဖိုကျေးရွာတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော်ဆောင်ရွက်ထားရှိပြီး ကန့်လန့်ကုန်းကျေးရွာ၊ ဘောလည်ကျေးရွာနှင့်အိုင်ကြီးကျေးရွာတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ သီသီနိုင်သည် ၎င်းအသုံးပြုသည့် “Phoo Ngone (Daw Thi Thi Naing)” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ကြည်ဖြူစိမ့်(ခ)စိမ့်စိမ့်နှင့် စံပယ်အိမ်ရာနေ ရွှေလီ(ခ) လီလီတို့သည် ၎င်းတို့အသုံးပြုသည့် “Kyi Phyu Seint” Facebook အကောင့်နှင့် “May Ya Mone” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ငပလီမြို့အထက(ခွဲ)လင်းသာအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ငပလီ ဖေဖော်ဝါရီ ၆

ငပလီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၁ နာရီက ငပလီမြို့အထက(ခွဲ) လင်းသာ အခြေခံပညာအထက်တန်းကျောင်း ထွန်းတောက်ကြယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငပလီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးဇေယျာမြင့်ထွန်းက ကျောင်းသား ကျောင်းသူလေးများအား လူငယ်စကားဝိုင်းကျင်းပရခြင်း ဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်စန်းစန်းငွေက ဦးဆောင်၍ “ပညာဘဏ်တိုက် စာကြည့်တိုက်” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ငပလီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသဆောင်ရွက်ထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

ငပလီ(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၉၀၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၅၀၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၉ | ၂၁၀၄ |
| HSD (500 ppm) | ၂၀၇၆ | ၂၁၄၇ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၂၃ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

☆ ကျောဖုံးမှ

ရေတပ်ဆိပ်ခံတံတား(မင်းဂံ)သို့ ရောက်ရှိကြသည်။

**လာရောက်ကြိုဆို**

စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန်မြန်မာနိုင်ငံသားတို့အား ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန်မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

**စနစ်တကျ လွှဲပြောင်းပေးအပ်**

ပြန်လည်ခေါ်ဆောင်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ကာ နေ့လယ်စာနှင့် ရေသန့်ဘူးများ ပေးဝေခဲ့ကြသည်။ ထို့နောက် နေရပ်ပြန် မြန်မာနိုင်ငံသားများအား နယ်မြေခံဗျူဟာစစ်ရေယာဉ်စု ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တွေ့ဆုံအားပေးစကား ပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် နေရပ်ပြန်မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံကာ အလွန်ဝေးလံသည့် နေရာဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်









ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက နေရပ်ပြန်သူများအား နွေးထွေးစွာ ကြိုဆို၍ တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။



## မိုင်းကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



**မိုင်းကိုင် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ထောင်ကော့ကျေးရွာနှင့် ပန်စိမ်းကျေးရွာတို့တွင် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ထောင်ကော့ကျေးရွာနှင့် ပန်စိမ်းကျေးရွာတို့တွင် အရှည် တစ်မိုင်ရှိ နှစ်လက်မရေပိုက်လိုင်း သွယ်တန်းပြီးစီးမှုအခြေအနေများနှင့် ရေဖြန့်ဝေသုံးစွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာများတွင် ရေရရှိရေး လုပ်ငန်းများကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း၂၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ရှစ်သိန်း၊ ကျေးရွာလူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂

## တန့်ယန်းမြို့နယ်၌ ကျောင်းသားလူငယ်များ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

**တန့်ယန်း ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ကျင်းပပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာလွင်က လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နန်းအိအိဖြူက ဦးဆောင်၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ မညိမ်းညိမ်းစံက "လူငယ်နှင့် ယဉ်ကျေးမှု"၊ မောင်ဇေယျာမင်းသိမ်းက "လူငယ်နှင့် ကျန်းမာရေး"၊ မောင်အောင်မြင့်မြတ်က "လူငယ်နှင့် ဉာဏ်ရည် ဉာဏ်သွေး"၊ Grade-10 မှ မောင်ဉာဏ်လင်းထက်က "လူငယ်နှင့် စိုက်ပျိုးရေး"၊ မနော်ခင်ငြိမ်းချမ်းက "လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း" စသည့် ခေါင်းစဉ်များကို ဆွေးနွေးပြောကြားကြရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် အချက်အလက်များကို မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန် အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ ခြောက်)၊ ခရုနှင့် ငါးမုတ်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ချိန် ၂၁၀၈ တန်၊ သွင်းကုန်တန်ချိန် ၁၂၄ တန်နှင့် စက်သုံးဆီ ၂၅၇၅ စည် ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၈ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ခုတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုက်၊ ဆိုဒီယမ်ကာဗွန်နိတ်တို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၇၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၅ ဒသမ ၅ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။



# သာယာဝတီခရိုင်တွင် ရေလိုက်မတ်ပဲများ စတင်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တော်လသာအုပ်စု ဖိုးကတိုးကျေးရွာ၌ ကိုင်းမြေများတွင် စိုက်ပျိုးထားသည့် မတ်ပဲ ရေဆင်း ၂ အမျိုးအစားပဲများ ရိတ်သိမ်းထွက်ရှိနေပြီဖြစ်ကြောင်း၊ မတ်ပဲစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကုန်ကျစရိတ်များမှာ လယ်ယာမြေထွန်ယက်ခြင်းအတွက် ကုန်ကျစရိတ် ငွေကျပ်၆၀၀၀၀၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ အသီးအပွင့်အားဆေး သွင်းအားစုများ ကုန်ကျစရိတ် ငွေကျပ် ၂၀၀၀၀၀၊ ပဲနုတ်ခ ငွေကျပ် ၆၀၀၀၀၊ ခြွေလှေ့ခ ငွေကျပ် ၅၀၀၀၀၊ သယ်ယူစရိတ်နှင့် လုပ်သားခ ငွေကျပ် ၃၀၀၀၀၊ ဆေးဖျန်းခ ငါးကြိမ်လျှင် ငွေကျပ် ၂၀၀၀၀၊ မျိုးတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ စုစုပေါင်းတစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျကြောင်း သိရသည်။ တစ်ဧကအထွက်နှုန်းမှာ ၁၅ တင်းခန့်ထွက်ရှိပြီး တစ်တင်းရောင်းဈေး ငွေကျပ် ၅၄၀၀၀ ရှိကြောင်း တစ်ဧကဝင်ငွေမှာ ငွေကျပ် ၈၁၀၀၀၀ ခန့်ရရှိနိုင်ကြောင်း၊ အကျိုးအမြတ်အနေဖြင့် သုံးသိန်းကျော်ခန့်ရရှိကြောင်း သိရသည်။ ယခင်နှစ် ရေလိုက်မတ်ပဲများမှာ မြစ်မခမြစ် ရေကြီးရေလျှံဖြစ်ပေါ်မှုတို့ကြောင့် နုန်းတင်မြေနုများ ဖြစ်ပေါ်ကာ အပင်များသန်စွမ်းပြီး အထွက်နှုန်းကောင်းသဖြင့် မတ်ပဲ အထွက်နှုန်းမှာလည်း ၂၅ တင်းမှ ၃၀ ခန့် နှစ်စဉ်ထွက်ရှိသော်လည်း ယခုနှစ်တွင် မြစ်ရေကြီးနစ်မြုပ်မှု မရှိဘဲ နုန်းတင်မြေများ မရှိသည့်အတွက် အထွက်နှုန်းများ ထက်ဝက်ခန့် လျော့ကျလျက်ရှိကြောင်း သိရသည်။

# ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း၏ ဇန်နဝါရီ ၂၈ မှ ဖေဖော်ဝါရီ ၃ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၃ ဒသမ ၁၆၅ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၇၆ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃ ဒသမ ၂၄၁ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၁ ဒသမ ၆၃၆ ဒေါ်လာသန်းနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ ၀၂၅ ဒေါ်လာသန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ၁ ဒသမ ၆၆၁ ဒေါ်လာသန်း ပိုမိုခဲ့သည်။

ယခုအပတ်တွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောနှင့် ငရုတ်(အစို)တို့ တင်ပို့မှု ပိုမိုခဲ့သဖြင့် ယခင်အပတ်ထက် ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့သော်လည်း သံနှင့် သံမဏိပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် (သံခြင်းကွန်တိန်နာ)တို့ တင်သွင်းနိုင်ခဲ့သဖြင့် ယခင်ပတ်ထက် ပိုမိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

# မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၏ ဝါသီးနှံဈေးနှုန်းဈေးကွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဝါစိုက်ဧကအနေဖြင့် ငွေချည် (၆) ၁၅၃ ဧက၊ ရွှေတောင်(၈) ၆၅၉၄ ဧက၊ ငွေချည်(၉) ဧက ၉၃၀၊ ရွှေတောင် (၁၀) ၄၄၂၃ ဧကနှင့် နိုင်ငံခြားမျိုးရာကာ ၆၈၅၂ ဧက စုစုပေါင်း ၁၈၉၅၂ ဧက စိုက်ပျိုးထားရှိပြီး ဝါတစ်ဧက အထွက်နှုန်းမှာ ပိဿာ ၅၀၀ လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် အောင်လံမြို့နယ်၌ ဝါသီးနှံကို



စက်တင်ဘာလတွင် စတင်ရိတ်သိမ်းပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းပြီးစီးမည်ဖြစ်ကြောင်း၊ ထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင် အရည်အသွေးအလိုက် ငွေကျပ် ၂၀၀၀ မှ ၂၃၀၀ ဖြင့် စတင်အရောင်းအဝယ်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်၌ တစ်ပိဿာလျှင် အရည်အသွေးအလိုက် ငွေကျပ် ၂၈၅၀ မှ ၂၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခုဝါသီးနှံများ လှိုင်လှိုင်ပေါ်နေသည့်အတွက် အောင်လံမြို့ပေါ်သို့ တစ်ရက်လျှင် ဝါသီးနှံပျမ်းမျှ ပိဿာ သုံးသောင်းခန့် အဝင်ရှိကြောင်း၊ ဝါဂွမ်းတင်ပို့မှုအနေဖြင့် အောင်လံမြို့နယ်မှတစ်ဆင့် မန္တလေး၊ ရွှေတောင်၊ တောင်သာ၊ မြင်းခြံမြို့များသို့လည်းကောင်း၊ ဝါဂွမ်းနှင့် ဝါစေ့ဆီအား တောင်တွင်းကြီး၊ မကွေး၊ စလေမြို့များသို့လည်းကောင်း၊ ဝါစေ့ဖတ်အား ရန်ကုန်၊ တိုက်ကြီး၊ အင်းမ (ငါးမွေးမြူရေး)ကန်များသို့လည်းကောင်း၊ ဝါစေ့ခွံအား မြို့နယ်အတွင်း နွားမွေးမြူရေးလုပ်ငန်းရှင်များသို့လည်းကောင်း ရောင်းချကြကြောင်း သိရသည်။

# သန်လျင်ခရိုင် သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ စတင်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်ထွက် ပဲတီစိမ်းများ စတင်ထွက်ပေါ်နေကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းစိုက်ဧက ၁၂၉၉၅ ဧကဖြစ်ပြီး ဇန်နဝါရီလ တတိယပတ်မှစ၍ ဘုရားကြီးကျေးရွာ၊ ကတုံးပေါ်၊ ဝင်းကြီး၊ နံ့ယော၊ ရေပေါ်ကန်၊ အောင်ပန်းစိန်၊ အလန်းကုန်း၊ ကိုင်းကုန်း၊ လသာကုန်း၊ မကျီးပင်ချောင် စသည့် ကျေးရွာများမှ ပဲတီစိမ်းအနည်းငယ် စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းထွက်ရှိမှုအနေဖြင့် ဧက ၁၂၀ ခန့်ရှိကြောင်း တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း ၁၇ တင်း၊ ၁၈ တင်းခန့်ရှိ၍ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထွက်ရှိသော ပဲတီစိမ်းများအား သုံးခွမြို့နယ်ရှိ Bright Light Co.,Ltd မှ စတင်ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။ ယခင်နှစ် ပဲတီစိမ်းစတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၄၆၂၀၀ ဖြစ်ပြီး ယခုနှစ် ပဲတီစိမ်းစတင်ထွက်ရှိချိန်၌ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၆၀၀၀ ဖြစ်၍ ယခင်နှစ်ထက် ဈေးပိုမိုရရှိကြောင်း သိရသည်။

## ၆-၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှိမထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၅၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၂၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၆၀၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၂၈၄၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၆၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၅၅၀၀ | | ၂၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | | ၉၀၀၀ | ၂၈၃၅၀၀၀ |
| ၄ | တောင်ကြီး | ၂၂၀၀ | ၂၁၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၆၉၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၀၀ | ၇၀၀၀ | ၄၇၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၄၅၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၉၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၄၂၀၀၀ |
| ၇ | မော်လမြိုင် | ၁၈၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၃၅၀၀၀ |
| ၈ | ထားဝယ် | ၂၂၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၁၀၀ | ၁၈၀၀ | ၆၀၀ | ၆၂၀၀ | ၄၇၀၀ | ၄၂၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၃၅၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၆၉၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၅၇၀၀ | ၅၁၀၀ | ၄၅၀၀ | ၂၆၀၀ | ၈၀၀ | ၆၇၀၀ | ၄၈၀၀ | ၅၀၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၈၄၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၁၀၀ | | ၁၄၀၀၀ | ၆၅၀၀ | ၁၄၀၀၀ | ၂၁၀၀ | ၅၀၀၀ | ၄၁၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၁၀၀ | ၂၀၀၀ | ၁၁၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၅၃၀၀ | ၃၅၀၀ | ၃၂၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၉၀၀၀၀ |
| ၁၃ | ဟားခါး | ၃၃၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၉၀၀ | | ၁၂၀၀၀ | ၆၉၀၀ | ၁၉၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၃၀၀ | ၆၄၀၀ | ၄၅၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၁၅၀ | ၁၅၀၀ | ၁၂၅၀၀ | ၆၉၀၀ | ၂၀၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၇၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၅၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၄၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၉၀၀၀၀ |
| ၁၇ | မကွေး | ၂၄၅၀ | | ၁၀၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၄၂၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၃၀၀၀၀ |
| ၁၉ | ပဲခူး | ၂၁၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၆၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၅၀ | | ၁၃၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၂၀၀၀ | ၄၄၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၂၀၀ | ၅၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၃၄၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၅၀ | | ၁၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၂၂၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၃၄၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၂၀၀ | | ၂၈၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၈၅၀၀၀၀ |

မှတ်ချက်။ (၁) ညှိမထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့် ဘားအံတွင် ၁၀၀ ကျပ်၊ စစ်တွေနှင့် မန္တလေးတွင် ၅၀ ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် လားရှိုးတွင် ၃၀၀ကျပ်၊ လွိုင်ကော်တွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုး၊ ပုသိမ်၊ မန္တလေး၊ ပဲခူးနှင့် ကလေးတွင် ၂၀၀ကျပ်၊ ဘားအံတွင် ၃၀၀ ကျပ်၊ မုံရွာတွင် ၄၅၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံ၊ ဘားအံနှင့် မကွေးတွင် ၅၀၀ ကျပ်၊ မုံရွာတွင် ၇၀၀ ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် လွိုင်ကော်တွင် ၅၀၀ ကျပ်၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ ကျပ်၊ မြိတ်တွင် ၁၀၀ ကျပ်၊ ဆား တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀ ကျပ်၊ မြေပဲ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် လားရှိုးတွင် ၇၀၀ ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ ကျပ်၊ သကြား တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ ကျပ်၊ ဝက်သား တစ်ပိဿာလျှင် မကွေးတွင် ၂၀၀၀ ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ ကျပ်၊ မြိတ်တွင် ၁၀၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ ကျပ်၊ ဘားအံ နှင့် မကွေးတွင် ၃၀၀ ကျပ်၊ ပုသိမ်တွင် ၁၀၀ ကျပ်၊ ပဲခူးတွင် ၂၀၀ ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ ကျပ်၊ မြေပဲ တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် ပျဉ်းမနား နှင့် နေပြည်တော်တွင် ၄၀၀ ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ ကျပ်၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ ကျပ် ဈေးကျခဲ့ပါသည်။

✻ ဟယ်ရီကိန်းမှ

ဟယ်ရီကိန်းက ပထမပိုင်း ပွဲကစားချိန် ၁၅ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ စပါးအသင်းနဲ့အတူ သွင်းဂိုး စုစုပေါင်း ၂၆၇ ဂိုးရှိသွားခဲ့ပြီ ဖြစ်ပါတယ်။

စပါးအသင်းဟာ ပွဲကစားချိန် ၈၇ မိနစ်မှာ နောက်တန်းကစားသမား ရိုမီရို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် ပွဲပြီးခါနီးအချိန်မှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပါတယ်။ ဒါပေမဲ့ အနိုင်ရလဒ်ကို ဆက်ထိန်းထားနိုင်ခဲ့တာကြောင့် ၂၂ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၉ မှတ်ရရှိခဲ့ကာ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၅ နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

စပါးအသင်းက မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းဟာဒုတိယနေရာကမန်စီးတီးအသင်းကို ငါးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ Friday Night Live Show ထေးဂီတဖျော်ဖြေပွဲများကို အပတ်စဉ် သောကြာနေ့ညတိုင်း စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ရောက်ရှိမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ညီညွတ်ရေးသံစဉ်"** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၃)ကို တိုင်းရင်းသား ရိုးရာဝတ်စုံများဝတ်ဆင်၍ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဒေသန္တရ အလှအပဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ဌာနရှိ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တေးသံရှင်များ၊ ပြင်ပမှ နာမည်ကျော်တေးသံရှင်များ၊ **"တူယှဉ်နွဲပျော် ဂီတပွဲတော်"** မှ တေးသံရှင်များနှင့် စုပေါင်း၍ စင်တင်တေးဂီတ ဖျော်ဖြေမှု (Live Show) ကို (၁၀-၂-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၀-၂-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် "ညီညွတ်ရေးသံစဉ်" ပွဲစဉ်(၃)
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လွိုင်ကော်ကိုအလည်လာ | ဌာနအဆိုရှင် |
| ၂။ | ရှမ်းပဲပုတ်လေးကျွန်တော် | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၃။ | မွန်စကားလေးနဲ့နှုတ်ဆက်သည် | ဌာနအဆိုရှင် |
| ၄။ | မြစ်ဆုံကို လွမ်းစိတ်မပြေ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၅။ | မလိခမှအလွမ်းလေးတွေ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၆။ | မောင်တို့ချယ်ရီမြေ | ပြင်ပအဆိုရှင် |
| ၇။ | ရွှေမြိုင်မှာပဲနေတော့မယ် | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၈။ | မဟာ | ဌာနအဆိုရှင် |
| ၉။ | ကျောင်းပိတ်ရက် | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၁၀။ | မောမြေမောနှမမောအလှ | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၁၁။ | ပြည်ထောင်စုရဲ့သွေးချင်းများ | Group Song |

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီး တစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ၈-၂-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံပိုင်အဆောက်အဦများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့)နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မော်တော်ယာဉ်သုံး အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) 11.00 R 22.5 တာယာ (၆၀၀)လုံး
( ခ ) N-200 ဘက်ထရီ (၁၅၀)လုံး
( ဂ ) N-150 ဘက်ထရီ (၁၅၀)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို (၂၄-၁-၂၀၂၃)ရက်နေ့မှစ၍ (၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးချိန်အတွင်း အမှတ်စဉ်(က)တာယာ(၆၀၀)လုံးအတွက် တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်း၊ အမှတ်စဉ် (ခ/ဂ) N-200 ဘက်ထရီ နှင့် N-150 ဘက်ထရီ(၃၀၀)လုံးအတွက် တင်ဒါပုံစံ(၁)စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YUPT Public Co., Ltd) အမှတ်(၂၉၆)၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို (၂၃-၂-၂၀၂၃)ရက်နေ့ ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျ တင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်းအမှတ်-၀၉-၇၈၀၁၁၁၂၂၂၊ ၀၉-၅၀၆၅၃၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## မြဝတီမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် မြဝတီမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစံဝင်းကြည်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပသည်။



စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသည့် မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းနှင့် ကျောင်းသား ကျောင်းသူများဆွေးနွေးမှုအပြီးတွင် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မာမာရီ၊ ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ မြဝတီခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးအောင်ကိုကို၊ မြို့နယ်ပန်းချီ/ပန်းပုအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဦးဆောင်ဆွေးနွေးသည့် ကျောင်းသားကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်မြန်မာ့ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

○ (၃၂)ကြိမ်မြောက်မှ

ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၂ အသင်းအတွက် နည်းပြသစ်ခန့်အပ်ရန် စီစဉ်နေပြီး ယခုလအတွင်း အတည်ပြုခန့်အပ်ဖွယ်ရှိနေသည်။ ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာ ခြေစမ်းပွဲနှင့် မြန်မာယူ-၂၂ အသင်း၏ ဆီးဂိမ်းအကြိုပြင်ဆင်မှုများအတွက် မတ်လတတိယပတ်တွင် ခေတ္တရပ်နားမည်ဖြစ်ပြီး မြန်မာယူ-၂၂ အသင်းအနေဖြင့် ယင်းကာလတွင် စတင်ပြင်ဆင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲပြီးပါက အာရှဖလားယူ-၂၃ ခြေစစ်ပွဲ၊ အာရှအားကစားပြိုင်ပွဲနှင့် အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ကိုညီလေး**

## တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

## ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

၁။ GRGI Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် 3,000 $m^3$ MS Tank (1) No. တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းအတွက် ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် 09-792235707 သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ အထက်ပါတို့အတွက် ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို Detail Specifications များနှင့်တကွ Chief Finance Officer၊ အမှတ်(၃၃)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်သော်လည်းကောင်း (22-2-2023)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ်(၁/၁)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်(ဘီ)၊ တိုက်ခန်းအားမျက်နှာမူလျှင် ယာဘက်ခြမ်း၊ အကျယ်အဝန်း (၁၅'x၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူဇာတင် [၉/မထလ(နိုင်)၁၄၃၇၅၃]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၀၁၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၁-လမ်း၊ အမှတ်(၂၀)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၂၁ B[1])၊ လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(V-၃)၊ဧရိယာ(၂၅ပေ × ၅၀ပေ)ရှိမြေပိုင်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၈ ၁/၂ )ထပ်တိုက်(Lift)ပါ အဆောက်အဦအပါအဝင်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းမှတ်တမ်းတွင် (လသ/ပြောင်း- ၁၀၀၈/၂-၆-၂၀၁၀)အရ ဦးသာခင်(၁၂/လသန(နိုင်)၀၀၃၇၉၇)နှင့် ဒေါ်မြင့်မြင့်မော်(၁၂/လမတ (နိုင်)၀၂၀၅၅၈) တို့၏အမည်ဖြင့်မှတ်သားတည်ရှိပြီး၊အဆိုပါမြေကွက်နှင့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့မှ မိမိတို့မြေအမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်း ကင်းရှင်းကြောင်းတို့ဝန်ခံပြောဆိုပြီး ရောင်းချလိုကြောင်းကမ်း လှမ်းခဲ့ရာကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ ကို(စရန်ငွေ)အဖြစ် ရောင်းချသူများထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့် သူမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီတရားဝင်သည်အထိဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၃၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၃၁/ခ)၊ သရေခေတ္တရာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသက်ရှည် (S/OKA-၀၁၇၁၄၆)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးသက်ရှည်(အဘိုး)နှင့် ဒေါ်ညွန့် (အဘွား)တို့ကွယ်လွန်ပြီး ၎င်းတို့(၂)ဦးမှ ဒေါ်စိန်(သမီး)တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ယခု ဒေါ်စိန်(မိခင်)နှင့် ဦးသန်းဖေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းနိုင်[၁၂/ဥကတ(နိုင်)၀၇၈၇၀၀]၊ ဦးစန်းဝင်း[၁၂/ဥကတ(နိုင်)၁၃၈၇၈၈]တို့မှ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၂၄၈/၂၀၂၂) (၁၂-၉-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်ပိုင်း)ရပ်ကွက်၊ ဦးညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-အေ/၁၁၅)၊ အမှတ်(၂၀/အေ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၁၀ပေ x ၃၆ပေ)ရှိ ဒေါ်တင်ရီအမည်ပေါက်(ပါမစ်မြေကွက်)နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဒေါ်တင်ရီထံမှ ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ဌေးဌေးမြင့်[၁၂/စခန(နိုင်)၀၄၅၇၁၃]နှင့် ဦးအေးချို[၁၂/စခန(နိုင်)၀၅၃၆၀၆]တို့မှ မိမိတို့သာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးသန့်ဇင်ဦး[၉/မခန(နိုင်)၂၁၀၄၇၁]၊ ဒေါ်သူဇာနွယ်[၉/မခန(နိုင်)၁၆၄၉၅၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၅/၈-၁-၂၀၂၀)**
**အမှတ်(၁၂၉)၊ ဦးညို(၇)လမ်း၊ ဝေ/မြောက်၊ စမ်းချောင်းမြို့နယ်။ Ph:09-799036641**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/သမိုင်း၊ မြေကွက်အမှတ်-၁၂/ခ၊ ဧရိယာ-၁.၇၂၂ကေ၊ မြေကွက်တည်နေရာအမှတ်-၁၇၄/က၊ ရွှေနှင်းဆီလမ်းသွယ်(၆)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးဘသိန်းပါ ၅၅ ဦး)အမည်ပေါက် B မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၅/၂၀၂၂(၂၈-၂-၂၀၂၂)၊ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၁၇၁/၂၀၂၂(၂၃-၉-၂၀၂၂)၊ အရောင်းအဝယ်စာချုပ်အမှတ်-၈၀၁၅/၂၀၂၂(၁၀-၁၁-၂၀၂၂)ဖြင့် ဧရိယာ(၁.၇၂၂)ကေအနက် တရားဝင်မခွဲမစိတ်ရသေးသော အစိတ်အပိုင်း(၄၇/၄၃x၇၀)ပေအား ဝယ်ယူပိုင်ဆိုင်သူ ဦးသူရညွန့်[၇/ပခန(နိုင်)၀၀၀၄၅၆]၊ ဒေါ်နီနီကို[၇/ပခန(နိုင်)၁၁၃၃၁၃]တို့မှ နိုင်ငံသားစိစစ်ရေးကတ်၊ တရားရုံးအနိုင်ဒီကရီအထောက်အထား၊ အမြတ်ခွန်ဆောင်ထားသည့်အထောက်အထား၊ အရောင်းအဝယ်စာချုပ်တို့ကို တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်အတွက် မြေကွက်ခွဲမြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇-တိုးချဲ့၊ မြေကွက်အမှတ်-၁၁၀၁၊ အကျယ်အဝန်း (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၁၃) ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၁၀၁)ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်ကျော့သိမ့်သိမ့် [၁၂/ရပသ(နိုင်)၀၉၃၇၆၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/E၊ မြေကွက်အမှတ်-၁၂၃၀၊ မာလာလမ်း၊ ဦးမြင့်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ထဲမှ အကျယ်အဝန်း(၁၀ပေx၆၀ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ၏သားသမီးများထံမှ ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းအောင် [၁၂/သကတ(နိုင်)၁၃၀၉၁၀]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက် နေအိမ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်အဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၆၁)**
**အမှတ်-၉/၁၁၊ ၁၀၃-H၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၄၂၆၉၇၊ ၀၉-၄၀၁၇၅၃၅၄၇**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်ခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄ နှင့်ဆက်နွယ်သည့်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၉**

ဒေါ်အေးအေးခိုင် နှင့် ဦးသန်းဇော်ဦး
(၎င်း၏အခွင့်ရ ကိုယ်စားလှယ်
ဒေါ်နန်းအေးလှိုင်)
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာအုပ်စု၊ အမှတ်(၁၁၀၃)နေ တရားရှုံး ဦးသန်းဇော်ဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်(၁၃၈၄ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထင်လင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၂၆/က-၂၊ ဧရိယာ(၀.၁၈၆)ကေ၊ မြေကွက်တည်နေရာအမှတ် ၅၅၊ တေးနုယဉ်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါက်တာစိန်မောင်၊ ဒေါ်ရင်ရင်မေ) အမည်ပေါက် B၊ မြေပိုင်မြေ၊ လ/န-၃၉(အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက် ဒေါက်တာစိန်မောင်(PGU -217178)(ဖခင်)သည် ၃၀-၈-၂၀၂၁ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ရင်ရင်မေ(CA-၀၅၀၂၉၆)(မိခင်)သည် ၂၆-၅-၂၀၁၉ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်အေးအေးမာ၊ ဒေါ်ရင်ရင်မာ၊ ဦးအောင်မင်းတို့ (၃)ဦးအနက် ဒေါ်အေးအေးမာ[၁၂/မရက(နိုင်)၁၀၁၅၅၈]၊ ဒေါ်ရင်ရင်မာ[၁၂/မရက(နိုင်)၀၀၁၆၉၆]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၁၈၀၄/၂၀၂၂(၁၁-၇-၂၀၂၂)ဖြင့်ရရှိသူ ဦးအောင်မင်း[၁၂/မရက(နိုင်)၀၀၁၆၉၇]မှ ၎င်းတို့သည် မိခင်၊ ဖခင်တို့၏အမွေဆက်ခံသူများဖြစ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ အမည်ပေါက်စာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊လင်းလွန်း(မြောက်)ရပ်ကွက် ကျောင်းကုန်းလမ်း၊အမှတ်(၂၂)ဟုခေါ်သည့်(၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက်၏(တတိယထပ်/၄-လွှာ/ ခြေရင်းခန်း)တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း

အထက်ပါတိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်မီမီလတ်(၉/ကဆန(နိုင်)၀၈၉၃၉၈)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်လပြည့်ဝန်း(၆/ခမက(နိုင်)၀၁၁၁၅၀)က ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပါမည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် ( LL-B )** — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
**ဒေါ်ဟန်နွေနိုင်(LL-B)** — အထက်တန်းရှေ့နေ(စဉ်-၂၇၄၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ်(၇၅)၊ မြေကွက်အမှတ်(၁၂၇)ဟုခေါ်တွင်သော အကျယ်အဝန်း(၀.၀၃၉)ဧကပေါ်ရှိ မြေကွက်သည် သန်လျင်မြို့ မြေစာရင်းတွင် မစ္စတာဂျေမာတနီအမည်ဖြင့်ထွက်ရှိထားသော မြို့မြေဖြစ်ပြီး မစ္စတာဂျေမာတနီထံမှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ယခုအပိုင်ရောင်းချသူ ဦးထင်လင်းကျော်[၁၂/သလန(နိုင်)၀၈၂၆၅၄]မှ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ထွန်း [၁၂/သကတ(နိုင်)၁၃၃၁၆၁]မှလည်း ဝယ်ယူရန် သဘောတူညီသဖြင့် ယင်းမြေနှင့်အိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးသက်နိုင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရွှေရည်ဖူး (အထက်တန်းရှေ့နေ) (စဉ်-၄၉၀၅၀)**
**Ph: 09-43110334၊ 09-253695441**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၈၃**

ဒေါ်ခင်ဝင်းရီ နှင့် ဒေါ်ခင်ခင်ဝင်း
(ကွယ်လွန်သူဦးမောင်မောင်မြင့်၏
တရားဝင်ကိုယ်စားလှယ်)
**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူ)**

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှု -၁၉/၂၀၀၁အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ တိုက်အမှတ်(၆)၊ (၆)လွှာ (ဘယ်ဘက်အခန်း)နေ လျှောက်ထားခံရသူ ဒေါ်ခင်ခင်ဝင်း (ကွယ်လွန်သူ ဦးမောင်မောင်မြင့်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်(၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (21 A[2])၊ လူနေရပ်ကွက်အမှတ်(၂)၊ စဉ့်အိုးတန်းလမ်း၊ တိုက်အမှတ်(၁၀၁)ဟုခေါ်တွင်သော (၃) ခန်းတွဲ (၈) ထပ်တိုက် အဆောက်အဦ၏ (ပဥ္စမထပ်)၊ (ယာ)ဘက်ရှိ (၆) လွှာဟုခေါ်တွင်သော အကျယ်အဝန်း (၁၅ ၁/၂ x ၆၀)ပေရှိ (ခာတ်လှေကားပါ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအုန်းခိုင် (ခ) ဦးကျင်စိန် [၁၂/လသန(နိုင်)၀၁၉၄၃၃]ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဇော်မျိုးမင်း [၁၂/လသန(ဧည့်)၀၀၁၈၀၀] ကိုင်ဆောင်သူက ဝန်ခံကတိပြု၍ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ အပြီးအပိုင် လွှဲပြောင်းရောင်းချလာခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါ တိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ယခုဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြတ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွန့်ညွန့်သန်း (LLB, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ် (၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-401526880, 09-260983331**

## ရန်ကုန်မြို့၊သဃ်္ဃန်းကျွန်းမြို့နယ်(က)ရပ်ကွက်၊ဓမ္မသုခလမ်းနှင့်အောင်တံခွန်လမ်းထောင့်အမှတ်(၁၀၅/၁၀၇)ဓမ္မသုခကွန်ဒိုဟုခေါ်သည့်(၆)ခန်းတွဲ(၈½)ထပ်အဆောက်အဦ၏(၇-လွှာ)၊အခန်းအမှတ်(7-C)(၁၂၅၀)စတုရန်းပေတိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား မြေပိုင်ရှင်/ကန်ထရိုက်တာများဖြစ်သူ-ဦးအောင်ထွန်း(၁၂/ဒဂတ(နိုင်)၀၁၈၂၇၇)၊ ဦးအောင်ကျော်(၁၂/သဃက(နိုင်)၁၄၅၆၃၃) M.T.P Construction တို့က တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်**(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်စောအောင်လမ်း၊ မြေကွက်အမှတ်(၆၇၃)ဟုခေါ်တွင်သော (အလျား၄၃ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးထွန်းနု(J/RGN-၀၅၀၀၃၉) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း)၊ (အလျား၂၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လေး[၉/မခန(နိုင်)၀၄၉၇၈၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph-09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO (Switzerland)**
**Ph: 09-420080932, 09-977402677**

## (၃၁-၁-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ- ၂၂ ရှိ ကြေညာချက်အပေါ် ဒေါ်ခင်သက်ဝေ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁)လမ်း၊ အမှတ်(၁၁၃၄) နေ ဒေါ်ကူစနာဘေဂွန် (ခ) သာလွန် (ခ) ဒေါ်ကြည် [၁၂/သကတ(နိုင်)၂၂၁၂၃] ကိုင်ဆောင်သူသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်သက်ဝေ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် လွန်ခဲ့သော ၁၉၉၇ ခုနှစ်ခန့်ကတည်းက ပုဇွန်တောင်ဈေးတွင် ကိုယ်ပိုင်ဆိုင်ခန်းဖြင့် ဖွင့်လှစ်ရောင်းချနေသူဖြစ်ကာ ဒေါ်ခင်သက်ဝေမှာ ကျွန်ုပ်မိတ်ဆွေ၏ အငယ်ဆုံးညီမဖြစ်ပြီး၊ ၎င်းမှာ ကျွန်ုပ်မိတ်ဆွေနှင့်အတူနေကာ ကျွန်ုပ်မိတ်ဆွေ၏ဆိုင်တွင် ဝိုင်းလုပ်ဝိုင်းစားဘဝဖြင့် မှီခိုနေထိုင်နေသူဖြစ်သဖြင့် ၎င်းတွင် ကိုယ်ပိုင်ဝင်ငွေ မရှိသည့်အတွက် ဈေးဆိုင်ခန်းဝယ်ယူနိုင်သူ မဟုတ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် (၅-၂-၂၀၀၂) ခုနှစ်တွင် ပုဇွန်တောင်ဈေး၊ (စီ)ရုံအပြင်တန်း၊ ဆိုင်အမှတ် (၄၀)အား ဝယ်ယူရာတွင် ကျွန်ုပ်မိတ်ဆွေကိုယ်တိုင်ဝယ်ယူသူအဖြစ် စရန်ပေးစာချုပ်တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါ စာချုပ်အရ ငွေအကျေချေရမည့်နေ့ကို (၁-၅-၂၀၀၂) ခုနှစ်အဖြစ် သတ်မှတ်ခဲ့ရာ ငွေအကျေချေမည့်နေ့ဖြစ်သော (၁-၅-၂၀၀၂) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေသည် ခရီးလွန်နေသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ညီမဖြစ်သူ ဒေါ်ခင်သက်ဝေအား အမည်ဖြင့် ဈေးဆိုင်ခန်းအရောင်းအဝယ်စာချုပ်အား ပြုလုပ်ချုပ်ဆိုစေခဲ့ခြင်းသာ ဖြစ်ပါသည်။ အရောင်းအဝယ်အတွက် ငွေပေးချေမှုကို ကျွန်ုပ်မိတ်ဆွေ၏ငွေများနှင့် ပေးချေဝယ်ယူကြောင်းကို ကျွန်ုပ်မိတ်ဆွေ၏မိသားစု ညီအစ်ကိုမောင်နှမများနှင့် အသိသက်သေများအားလုံးသိရှိကြသည်ကို ဒေါ်ခင်သက်ဝေ ကိုယ်တိုင်လည်းသိရှိကြောင်း ညွှန်ကြားချက်အရ သိစေလိုပါသည်။

သို့ဖြစ်၍ အဆိုပါ ဈေးဆိုင်ခန်းအရောင်းအဝယ်ပြုလုပ်ကတည်းက ဆိုင်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများအားလုံးမှာ ကျွန်ုပ်မိတ်ဆွေထံတွင် တည်ရှိနေသည်မှာ ယနေ့တိုင်အောင် ဖြစ်သဖြင့် လူကြီးမင်းကြေညာသကဲ့သို့ ကျွန်ုပ်မိတ်ဆွေနှင့် အပေါင်းအပါများဟူသော စကားရပ်နှင့် မတရားသဖြင့် လက်ဝယ်ရယူထားသည်ဆိုသော စကားရပ်များကို ပြန်လည်ရုပ်သိမ်းပေးရန် အသိပေးအပ်ပါသည်။ ထို့အပြင် ကျွန်ုပ်မိတ်ဆွေ၏ ဆိုင်ခန်းတွင် လူကြီးမင်းမှ ဝင်ရောက်ခတ်ထားသောသော့အား ယနေ့မှစ၍ ရက် (၃၀)အတွင်း သော့ဖွင့်၍ ဆိုင်ခန်းအား ကျွန်ုပ်မိတ်ဆွေထံ လက်ရောက်ပြန်လည် ပေးအပ်စေလိုပါသည်။ ထိုသို့ ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လူကြီးမင်း သိစေလိုပါသည်။ သို့ဖြစ်၍ လူကြီးမင်း တောင်းဆိုသကဲ့သို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား (၇)ရက်အတွင်း ပြန်ပေးရန် တောင်းဆိုမှုအပေါ်လိုက်နာရန် မလိုအပ်ကြောင်း ပြန်လည်ရှင်းလင်းသိစေလိုပါသည်။ အကယ်၍ လူကြီးမင်း အနေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ပြန်လည်ရယူလို၍ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်လာပါကလည်း ကျွန်ုပ်မိတ်ဆွေအနေဖြင့် ရင်ဆိုင်ဖြေရှင်းရန်အသင့်ဖြစ်ကြောင်း ဒေါ်ခင်သက်ဝေနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀/၁၀)**
**တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၅၃၃၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒာဝန်လမ်း၊ အမှတ်(၁၁၅)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ (၆)ထပ်တိုက်၏ (အလယ်ခန်း)၊ ၅-လွှာ၊ အကျယ်အဝန်း(၁၅ x ၅၇)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းရောင်းချသူ ဒေါ်အေးအေးခိုင်[၁၂/ဗဟန(နိုင်)၀၇၄၈၅၁]ကိုင်ဆောင်သူမှ လက်ဝယ်ပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမွေး**
**LL.B, M.P.A, D.B.L, D.M.L, D.I.L, D.A Psy, D.I.R, D.G.I**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၄၈)**
**အမှတ်(၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၆/၂)၊ မြေကွက်အမှတ်(၂၄)၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှသွင်အမည်ပေါက်လျက်ရှိသောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၄၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၇၅/၂၀၂၃)အရ (၁)ဦးအောင်မော်သွင်[၁၂/ပဘတ(နိုင်)၀၁၈၈၇၂]နှင့် (၂) ဒေါ်ခင်ခင်သွင်[၁၂/သဃက(နိုင်)၀၂၀၀၂၆] တို့မှ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိကြပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသည့်အတွက် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမွေး**
**LL.B, M.P.A, D.B.L, D.M.L, D.I.L, D.A Psy, D.I.R, D.G.I**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၄၈)**
**အမှတ်(၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၆၄၃ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၅၁ပေx၆၀ပေ)၊ ဧရိယာ(၀.၀၇)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးမြစန်း အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်-၆၄၃(ခြေရင်းခြမ်း)၊ စောရန်ပိုင်လမ်း၊ ၂၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၂၅ပေx၆၀ပေ)ရှိမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဌေးဌေးဝင်း[၁၂/မဂတ(နိုင်)၀၁၄၂၇၁]နှင့် ဒေါ်ဆွေဆွေမြင့် [၁၂/မဂတ(နိုင်)၀၁၄၃၃၁]တို့မှ ဆက်စပ်စာချုပ်များအရ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄/၂၀၁၆)**
**ရုံးခန်းအမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-450054591**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-တိုးချဲ့)၊ အသသက(၂၂)လမ်း၊မြေကွက်အမှတ်(၁၂)၊မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦးမှ (စတုတ္ထထပ်/၅-လွှာ)၊ (ခေါင်းရင်းခြမ်း/B)၊ (ညာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၈×၅၄)ပေ၊ အမြင့်(၉ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဦးသက်ထွန်း(၁၂/ပဘတ(နိုင်)၀၂၀၀၁၀)ပိုင်ဆိုင်သော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ယခုအပိုင်ရောင်းချသူ ဒေါ်ခိုင်သဇင်နွယ်ထွန်း (၁၂/မဂတ(နိုင်)၁၀၂၃၂၈)သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဝေ(၁၂/အစန(နိုင်)၀၀၀၀၇၇) ထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်မေဇင်ဦး**(LL.B)၊ စဉ်-(၃၉၅၈၁)
အထက်တန်းရှေ့နေ
အမှတ်(၅၇၇)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၇၆၈၇၁၂၂၀၊ ၀၉-၄၂၀၀၃၅၂၅၈

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်(၂၀၆/က)၊ အလျား(၂၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ ပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏မြေကွက်ကို မျက်နှာမူ၍ကြည့်သော်(ဘယ်ခြမ်း)၊ (အလျား ၁၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ(၄)လမ်း၊ အမှတ်(၂၀၆/က)ဟုခေါ်တွင်သော ပါမစ်မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သောင်းကြည် (TBN-၀၁၇၈၆၃)အမည်ပေါက်ကြောင်း၊ ရောင်းသူများဖြစ်သော ဦးအုန်းရွှေ(HGU-၀၃၁၂၆၀)၊ ဒေါ်တင်စိန် [၁၂/လသယ(နိုင်) ၁၂၂၆၅၄]တို့မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးထွဋ်စိန်[၁၄/ကပန(နိုင်)၁၁၅၉၄၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၂၁၀၃/၂)၊ မြေကွက်လိပ်စာ(၂၁၀၃/၂)၊ ဝေဘာဂီလမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေအကျယ် အလျား(၂၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ ဒေါ်မြအေး(CE-၁၁၃၃၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာဦး[၁/မညန(နိုင်)၁၇၄၂၀၅]က အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြင်သာ (၅)လမ်း၊ မြေကွက်အမှတ်(၂၁၇/က)၊ မြေအကျယ်အဝန်း (၁၀ပေ x ၆၀ပေ)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၂၁၇/ခ)နှင့် ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအေးချို(J/RGN-၀၁၂၄၇)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်တင်ကျော့၏ခင်ပွန်းဖြစ်သူ ဦးသန်းဆွေ [၁၂/ဥကတ(နိုင်)၀၉၄၈၅၅]**သည် (၁၈-၃-၂၀၀၁)ရက်စွဲပါ နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးသန်းဆွေမှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ကျော့ [၁၂/ဥကတ(နိုင်)၀၇၅၅၀၁] မှအမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ အသသက(၂၄)လမ်း၊ မြေကွက်အမှတ်(၈၉၇/က)မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ) ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတွဲ(၅)ထပ်ခွဲတိုက် အဆောက်အဦမှ ပထမထပ်၊ (၂-လွှာ) အကျယ်အဝန်း(၁၈ပေx ၅၁ပေ)၊ (အမြင့်၉ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လွင်လွင်စိုး [၁၂/ဥကတ(နိုင်)၀၈၇၈၅၅]** မှ ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်မြောင်း(၃)လမ်း၊ မြေကွက်အမှတ်(၇၂၄)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၇၂၃)နှင့်ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကိုလေး(ISN-၅၂၆၁၆၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်စန္ဒာမိုး[၁၂/အစန(နိုင်)၀၆၄၁၁၀]သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ဦးဝင်းဖေ(ခ) LAURENCE WIN PE
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### စာရင်းစစ်ချုပ်ရုံး
### အသက်(၈၂)နှစ်

(ဦးအောင်စိန်-ဒေါ်လှမြင့်)တို့၏သား၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ပြည်တော်သစ်ပြည်သူ့အိမ်ရာ၊ အခန်း(၉၁)နေ ဒေါ်မြင့်မြင့်ကြည် (စာရင်းစစ်၊ ရန်ကုန်တိုင်းစာရင်းရုံး-ငြိမ်း)၏ ခင်ပွန်း ဦးဝင်းဖေ (ခ) LAURENCE WIN PE သည် ၅-၂-၂၀၂၃ (တနင်္လာနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသူရကျော်
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ငွေနှင်းဆီလမ်း၊ ပင်လုံနှင်းဆီအိမ်ရာအပိုင်း(၁)၊ အမှတ်(၈၆)နေ (ဦးကျင်စိန်)-ဒေါ်ထားထားတို့၏သား၊ ဦးမြင့်မိုရ်သွင် @ Mr. Nobuki Sano - ဒေါ်မင်းသျှန်ဖြိုး၊ ဦးမျိုးသန့်-ဒေါ်ဝင်းဝင်းဇော်တို့၏ ညီ/မောင်၊ ဦးတက်တင်ထွဋ်-ဒေါ်ခင်သန္တာကျော်၊ ဒေါ်ခိုင်ဇာလွင်တို့၏အစ်ကို၊ တူမ ငါးယောက်၊ တူ တစ်ယောက်တို့၏ ဦးလေး ဦးသူရကျော်သည် ၅-၂-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ ရုတ်တရက် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန် ရစ်သောရုပ်ကလာပ်ကို ၇-၂-၂၀၂၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟန်းနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသည့် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေလိုပါသဖြင့် ၁၁-၂-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အခန်း အမှတ်(5B)၊ စိမ်းလဲ့ရိပ်သာကွန်ဒို၊ အေးသာယာ(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးချမ်းသာဦး
### The Myanmar Times
### အသက်(၄၀)

ဦးစံသာ-ဒေါ်ဖြူဖြူသိန်းတို့၏ ချစ်လှစွာသောသားငယ်၊ (တက်နိုင်ဦး)၏ညီ၊ ဦးမြင့်သိန်း-ဒေါ်အုံးခင်တို့၏ သားသမက်၊ ဇေရီမင်းထွဋ်၏ ချစ်လှစွာသောခင်ပွန်း၊ ကြယ်စင်သာ၏ ချစ်လှစွာသောဖခင်သည် ၅-၂-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၃:၁၅ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၃ (စနေနေ့)တွင် အမှတ်(၁၆)၊ ငါးလွှာ၊ သမာဓိလမ်း၊ ကျောက်မြောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းကြည် (ခ) တန်စောအင်း
### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ ဦးအောင်လှိုင်(ခ)ကိုပေါက်-ပါမောက္ခ ဒေါ်သင်းသင်းနွဲ့ (President , Internal Medicine Society, MMA)၏ ကျေးဇူးရှင်မွေးသမိခင်ဖြစ်သူ ဒေါ်သိန်းကြည်(ခ) တန်စောအင်း အသက်(၉၁)နှစ်သည် ၃-၂-၂၀၂၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Internal Medicine Society(MMA)

## ဒေါ်ခင်ခင်ငွေ
### လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
### အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး(ရန်ကုန်)
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၄၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ငါးရာဘိုကျေးရွာနေ ဦးဟံမြ-(ဒေါ်လှတင့်)တို့၏သမီး၊ ကိုလှငွေနိုင်၊ ကိုမျိုးနိုင်၊ ကိုသန်းနိုင်၊ ဒေါ်သင်းသင်းမြတ်တို့၏ညီမ၊ ကိုစိန်ငွေနိုင်၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသော အဒေါ် ဒေါ်ခင်ခင်ငွေသည် ၃-၂-၂၀၂၃ (သောကြာနေ့) ည ၉:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၀-၂-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့နယ်၊ ငါးရာဘိုကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃/ သမိုင်း)၊ မြေကွက်အမှတ် (၆/၄)၊ မြေဧရိယာ (၀.၁၄၇)ဧက၊ မြေကွက်တည်နေရာ- အမှတ် (၄၇/အယ်လ်)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါက်တာခင်မောင်မြင့် (LSO-၁၃၃၉၈၅) [၁၃/လရန(နိုင်)၀၈၆၄၄၅]၊ဒေါက်တာ ဒေါ်သင်းသင်းခိုင်(TGI-၀၀၄၆၄၀) [၁၃/တကန(နိုင်)၀၆၇၂၈၉] အမည်ပေါက် B-လ/န (မြို့မြေအဖြစ်အသုံးပြုရန်သတ်မှတ်) မြေအား အမည်ပေါက် ဒေါက်တာခင်မောင်မြင့်၊ ဒေါက်တာဒေါ်သင်းသင်းခိုင်တို့ (၂)ဦးအနက် ဒေါက်တာခင်မောင်မြင့်သည် (၈-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါက်တာဒေါ်သင်းသင်းခိုင်(ခ)ဖုန်ရီကျော်င်း [၁၃/တကန(နိုင်) ၀၆၇၂၈၉]မှ နိုင်ငံသားစိစစ်ရေးကတ်၊ တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ အမည်ပေါက်စာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းကြည်(ခ) တန်စောအင်း
### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ ဦးအောင်လှိုင်(ခ)ကိုပေါက်-ပါမောက္ခ ဒေါ်သင်းသင်းနွဲ့ (ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ ကျေးဇူးရှင်မွေးသမိခင်ဖြစ်သူ ဒေါ်သိန်းကြည်(ခ)တန်စောအင်း အသက်(၉၁)နှစ်သည် ၃-၂-၂၀၂၃ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးကုသဆောင်(၁)နှင့်(၄)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ မြေကွက်အမှတ်(၈၊ ၉၊ ၁၀၊ ၁၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ဘဲ့တာဝါ ကွန်ဒိုအဆောက်အဦ၏ အထပ်(၂၀) အခန်းအမှတ်(၀၅)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးလေးစွမ်း [၁၂/အစန(နိုင်)၁၆၁၀၈၁]နှင့် ဒေါ်စန်းစန်းအေး [၁၂/ဥကတ(နိုင်)၀၄၂၁၄၄]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေများကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေရီညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ(စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၄၄၂၀၁၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကျောင်းစု၊ အကွက်အမှတ် - ၇၀(ခ)၊ (အလျား ၂၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ ဦးသန်းထွန်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၇၀-ခ၊ စိတ္တသုခလမ်း၊ ကျောင်းစုရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျင်ဝင်း [၁၂/ဒလန(နိုင်)၀၃၈၀၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအေးဇော်မင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၈)**
**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၉၃၀၅၁၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၁၅/ခ၊ ဧရိယာ- ၀.၁၇၂ဧက (၇၅၀၀ စ/ပ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်အေးချို [၁၂/ဥကတ(နိုင်)၁၂၆၅၇၄] အမည်ဖြင့်မှတ်သားထားပါသည်။ မိမိတရားဝင်အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ) ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၉၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ မြေကွက်အမှတ်(၂)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက် (အောင်ချမ်းသာကွန်ဒို) ၏ တတိယထပ်၊ အခန်းအမှတ် (၃-အေ) အားလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဝင်းလွင် [၁၄/ပသရ(နိုင်)၀၅၃၂၉၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်အေးအေးသွယ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၇၆၃)**
**အေ-၁၁/၁၂၊ အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း- ၀၉-၄၂၀၀၆၉၁၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂/ပန်းလှိုင်၊ မြေကွက်အမှတ်- ၁၃၄၊ ဧရိယာ (၀.၂၃၉)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးအောင်သင်း(ခ)ပိတ်ဟောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေကွက်နှင့်အကျိုးခံစားခွင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၆၇၅/ ၂၀၂၃)၊ နေ့စွဲ(၃၀-၁-၂၀၂၃) တင်ပြ၍ ဦးကောင်းသန့်ဇော် [၉/အမဇ(နိုင်)၀၄၀၁၃၇]၊ ဒေါ်ယဉ်ယဉ်ဝင်း [၁၃/လရန(နိုင်)၁၂၆၀၈၁] အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပေါက်တော/တိုးချဲ့၊ လူနေရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ ပိတောက်လမ်း၊ မြေကွက် အမှတ်-၁၁၊ အကျယ်ပေ(၄၁/၄၅x၉၀.၆/၈၈.၆)ရှိ ဦးမြင့်ဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း


အထက်ဖော်ပြပါအိမ်မြေအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲမင်းထွန်း[၁၂/အစန(နိုင်)၁၈၃၁၄၄]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးရဲမင်းထွန်း** | **ဒေါ်ခင်မာလွင်(LL.B., D.B.L)** |
| **[၁၂/အစန(နိုင်)၁၈၃၁၄၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်- ၅၇(က)၊ ရာကျော်(၂)လမ်း၊** | **အမှတ်- ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **မြို့သစ်(ဂ)ရပ်ကွက်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **အင်းစိန်မြို့နယ်။** | **ဖုန်း- ၀၉-၅၁၈၉၆၈၉** |

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ကွန်ပျူတာကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို ပိတ်ပါ။

Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်စားမှု ရှိနေသည်ကို သတိပြုစေလိုပါသည်။



## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ❖ ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- ❖ နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- ❖ နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ❖ ကင်ဆာဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးခြင်း။
- ❖ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- ❖ သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ❖ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- ❖ စိတ်ပျော်ရွှင်စေခြင်း။
- ❖ အရိုးအဆစ်တွေကို သန်မာစေခြင်း။
- ❖ ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- ❖ သွေးကြောထုံးတာကို သက်သာစေခြင်း။
- ❖ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- ❖ အသက်ကြီးရင်ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်း မဖြစ်အောင် ကာကွယ်ပေးခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ် စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်...

❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည် ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ ယူ-၂၂ အသင်း မတ်လအတွင်း စတင်ပြင်ဆင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ ယူ-၂၂ အသင်းက (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မတ်လအတွင်း စတင်လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိသေးသဖြင့် စခန်းဝင်လေ့ကျင့်မည့်အစီအစဉ်ကို နောက်ဆုတ်ထားခြင်းဖြစ်ပြီး မတ်လတတိယပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေလဆန်းတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်၍ မြန်မာအသင်းအနေဖြင့် ပြင်ဆင်ချိန်တစ်လကျော်

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ○

## ထိုင်းနိုင်ငံတွင် ပြန်လာရန်အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေရပ်ပြန်သူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့



နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် မြန်မာနိုင်ငံတောင်ဘက် အစွန်ဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့မှ အလွန်ဝေးကွာသော မိုင်ပေါင်း ၇၄၅ မိုင်ခန့်ရှိ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၈၀ အား မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့် ခေါ်ဆောင်လာခဲ့ရာ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆

## ဟယ်ရီကိန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် စပါးအသင်းက မန်စီးတီးအသင်းကို အနိုင်ရ



စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

စပါးအသင်းနဲ့ မန်စီးတီးအသင်းတို့ ဖေဖော်ဝါရီ ၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ စပါးအသင်းအတွက် သွင်းဂိုးကို

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❃

### ယနေ့ဖတ်စရာ

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အတူတကွ လေ့လာရေးခရီးသွားရတဲ့အတွက် ဝမ်းသာကြည်နူးမှုကို ခံစားရပါတယ် စာမျက်နှာ » ၁၆

သာယာဝတီခရိုင်တွင် ရေလိုက်မတ်ပဲများ စတင်ထွက်ရှိ စာမျက်နှာ » ၂၀